

၁၁၅၄၄


ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်

နိဒါန်း

(ပဌမအုပ်)



မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၉ ခုနှစ် ၁၉၆၅

သံယုတ္တနိကာယ်ပါဠိတော် နိဿယ

ကျမ်းဦးနိဒါန်း

ဗုဒ္ဓ၏ တနေ့တာ လုပ်ငန်းစဉ်

နမော ဗုဒ္ဓါယ၊ သိဒ္ဓမ်—

(က) ဝိရတ္တော သဗ္ဗမမ္မေသု၊ သတ္တေသု စ ဥပေက္ခကော။
သဒါ သတ္တဟိတေ ယုတ္တော၊ အဟော အစ္ဆရိယော ဇိနော။

(ခ) သဗ္ဗဒါ သဗ္ဗသတ္တာနံ၊ ဟိတာယ စ သုခါယ စ။
ဥယျုတ္တော အကိလာသု စ၊ အဟော အစ္ဆရိယော ဇိနော[1]။

ဗုဒ္ဓရှင်တော်မြတ်သည် ၄၅-ဝါ ကာလပတ်လုံး နေ့ညမအား အမှန်တရားကို ဟောကြားတော်မူခဲ့သည်၊ တပည့်တို့အားလည်း ဟောကြားစေတော်မူခဲ့၏၊ လောကဓာတ်တခုလုံး အမှန်တရား ထင်ရှားကျယ်ပြန့်စေရန် ဟောပြော ညွှန်ပြရသော တာဝန်ကား ကြီးလေးလှသည်။ လူသားမန်တို့ ဆောင်ရွက်နိုင်ရန်ကို မဆိုထားဘိ စိတ်နှင့်မျှပင် မကြံဝံ့ရဲသော တာဝန်ကြီးတရပ် ဖြစ်ချေသည်၊ ယင်းသို့ကြီးလေးလှသည့် တာဝန်ကြီးကို နေ့ရော ညဉ့်ပါ ဆောင်ရွက်တော် မူခဲ့ရပေသည်၊ ၄၅-ဝါ ကာလပတ်လုံး အမြဲမပြတ် ဆောင်ရွက်တော်မူခဲ့သော ဗုဒ္ဓရှင်တော်မြတ်၏ မဟာကရုဏာနှင့် ဝိရိယတော်ကို မိမိတို့ ဉာဏ်မှီသမျှနှင့်ပင် ခန့်မှန်း ကြည်ညိုနိုင်ကြစေရန် ဗုဒ္ဓရှင်တော်မြတ်၏ တနေ့တာအတွက် ပြုလုပ်မြဲ လုပ်ငန်းစဉ် အကျဉ်းချုပ်ကို ဖော်ပြလိုက်ပါအံ့။

ဗုဒ္ဓရှင်တော်မြတ်သည် တနေ့တနေ့အတွက် အချိန်ကိုငါးပိုင်းခွဲခြား၍ ဆောင်ရွက်တော်မူမြဲ ဖြစ်သည်၊ နေ့ခင်းအချိန်ကို ၂-ပိုင်း၊ ည၌အချိန်ကို ၃-ပိုင်းအားဖြင့် ခွဲခြားဆောင်ရွက်တော် မူသည်။

(၁) နံနက်ပိုင်း လုပ်ငန်း ဗုဒ္ဓရှင်တော်ဘုရားသည် ကျိန်းစက်တော်မူရာမှ နံနက် စောစော ထတော်မူပြီးနောက် ပြုစုလုပ်ကျွေးသည့် ပုဂ္ဂိုလ်ကို ချီးမြှောက်တော်မူရန်၎င်း, ခန္ဓာကိုယ် ချမ်းချမ်းသာသာရှိစေရန်၎င်း မျက်နှာသစ်တော်မူခြင်းစသော ကိုယ်ခန္ဓာဆိုင်ရာ ပရိကံများကို ပြုတော်မူသည်။ ထို့နောက် ဆွမ်းခံမဝင်မီအတွင်း ဆိတ်ငြိမ်ရာတွင် ဖလသမာပတ် ဝင်စားတော်မူကာ အချိန်ကို ကုန်လွန်စေတော်မူမြဲဖြစ်၏။ ဆွမ်းခံချိန်ရောက်သော အခါ သင်းပိုင်ကို ပြင်ဝတ်တော်မူခြင်း, ခါးပန်းဖွဲ့တော်မူခြင်း, သင်္ကန်းရုံတော်မူခြင်းများကို ပြုတော်မူပြီးလျှင် သပိတ်ကို ယူတော်မူကာ ရံခါတပါးတည်း ရံခါရဟန်းတော်အပေါင်း ခြံရုံအပ်လျက် မြို့တွင်း ရွာတွင်းသို့ ဆွမ်းခံကြွတော်မူမြဲဖြစ်၏။ ထိုသို့ကြွတော်မူရာ၌လည်း တခါတရံ

၁။ စရိယာပိဋကဋ္ဌကထာ-၃၂၀။

သံ နိ ၁-(က)-ပ-မ-၀-သ-၀

ပကာသိအဘိုင်း ကြွတော်မူတတ်၏၊ တခါတရံ တန်းခိုးပြာဋိဟာ အမျိုးမျိုးတို့ကို ဖြစ်စေကာ ကြွတော်မူတတ်၏။

တန်ခိုးပြာဋိဟာ အမျိုးမျိုးတို့ကို ဖြစ်စေကာ ကြွတော်မူပုံကား—ဗုဒ္ဓရှင်တော်ဘုရား၏ရွှေမှ ကြိုကာ ကြိုကာ နှူးညံ့သိမ်မွေ့သော လေကလေးတို့သည် မြေကြီးကို စင်ကြယ်အောင် သုတ်သင်ရှင်းလင်းနှင့်ကြကုန်၏။ တိမ်တိုက်များသည် ရေပေါက်ကလေးများကို လွှတ်ချ (သွန်းလောင်း) ပြီးလျှင် လမ်းစဉ်တလျှောက်၌ မြူမှုန့်များကိုငြိမ်စေ၍ အထက်ကောင်းကင်၌ဗိတာန် (မျက်နှာကြက်) ဖြစ်စေကာ တည်နေကြကုန်၏။အခြားလေတို့ကလည်း ပန်းများကိုဆောင်ယူကာ လမ်းစဉ်တလျှောက် ကြဲ၍ထားကြကုန်၏။ မြင့်သောမြေနေရာများသည် ညီအောင် နှိမ့်၍သွားကြကုန်၏။ နိမ့်သော မြေနေရာများသည်လည်း ညီအောင် မြင့်တက်၍ လာကြကုန်၏။ ခြေတော်ချတော်မူလိုက်သောအခါ တပြင်တည်း တညီတည်းဖြစ်၍ နေလေ၏။ ကောင်းမြတ်သော အတွေ့အထိရှိကြသည့် ပဒုမာကြာပန်းတို့ကလည်း ခြေတော်အစုံတို့ကို ခံလင့်ကြကုန်၏။ မြို့, ရွာတံခါးတိုင် အတွင်းဘက်သို့လက်ျာ ခြေတော်ကို ချလိုက်သည်နှင့် တပြိုင်နက် ခန္ဓာကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့ထွက်၍ ပြာသာဒ် စုလစ်မှန်းချွန်တပ်သော အိမ်စသည်တို့ကို ရွှေရောင်အယဉ်သဖွယ် ရွှေရောင်ရှိကုန်သကဲ့သို့ဂင်း ဆန်းကြယ်သော အဝတ်အထည်တို့ဖြင့် လွှမ်းခြုံအပ်ကုန်သကဲ့သို့ဂင်း တန်းဆာဆင်ကြကုန်လျက် ထိုမှ ဤမှ ပြေးလွှားကြလေကုန်၏။ ဆင်, မြင်း, ငှက် စသော သတ္တဝါတို့သည်လည်း မိမိတို့ရောက်ရှိနေသည့် နေရာတွင်ပင် တည်နေကြကုန်လျက် သာယာ ချိုမြိန်သည့် အခြင်းအရာရှိသော အသံဖြင့် ကျူးရင့်မြည်တွန်ကြလေကုန်၏။ စည်, စောင်း, ငြင်း စသော တူရိယာတို့သည်ရင်း လူတို့ကိုယ်၌ ဆင်ထားကြသည့် ခြေချင်း, နားခောင်း, လက်ကောက် စသော တန်းဆာတို့သည်ရင်း လူမတီးခတ်ဘဲ အလိုလိုမြည်ကြလေကုန်၏။

လူတို့သည် ဆိုခဲ့သည့် အမှတ်အသားများကို တွေ့မြင်ရသောအားဖြင့် "ယနေ့ ရှင်တော်ဘုရား ဤအရပ်သို့ ဆွမ်းခံဝင်တော်မူလာသည်"ဟု သိကြရကုန်၏။ လူတို့သည် ကောင်းစွာ ဝတ်ရုံကြပြီးလျှင် ပန်း, နံ့သာ စသည်တို့ကို ယူကာ အိမ်မှ ထွက်ကြပြီးနောက် ခရီးအကြားသို့ သွားကြကာ ရှင်တော်ဘုရားကို ပန်း, နံ့သာ စသည်တို့ဖြင့် ရိုသေစွာ ရှိခိုးပူဇော်ကြ၍ "အရှင်ဘုရား တပည့်တော်တို့အား သံဃာ ၁၀-ပါး ပေးသနားတော်မူပါဘုရား။ တပည့်တော်တို့အား သံဃာ ၂၀-ပေးသနားတော်မူပါဘုရား။ ပ။ သံဃာ ၁၀၀-ပေးသနားတော်မူပါဘုရား" စသည်ဖြင့် တောင်းကြကုန်၏။ ဗုဒ္ဓရှင်တော်ဘုရား၏ ထံတော်မှ သပိတ်တော်ကို ယူငင်၍ နေရာခင်းကာ ရိုရိုသေသေလေးလေးမြတ်မြတ် ဆွမ်းဖြင့် လုပ်ကျွေးကြကုန်၏။

ဗုဒ္ဓရှင်တော်ဘုရားသည်လည်း ဆွမ်းကိစ္စပြည့်စုံ ပြီးစီးလေလျှင် ထိုသူတို့၏ ရှေးအကြောင်းခံပါရမီနှင့် မျက်မှောက်စိတ်သန္တာန်တို့ကို ကြည့်တော်မူပြီးနောက် ဆီလျော်ရာ တရားတော်ကို ဟောကြားတော်မူလေ၏။ ထိုအခါ အချို့ကား သရဏဂုံ တည်ကြလေကုန်၏။ အချို့ကား ငါးပါးသီလ တည်ကြလေကုန်၏။ အချို့ကား သောတာပန်, သကဒါဂါမ်, အနာဂါမ် ဟူသော အောက်ဖိုလ်တို့တွင် တခုခုဌာ တည်ကြလေကုန်၏။ အချို့ကား ရဟန်းပြု၍ အရဟတ္တဖိုလ်ဌာ တည်ကြလေကုန်၏[1]။

ဤသို့ လူအများကို ချီးမြှောက် ထောက်ပံ့တော်မူပြီးနောက် နေရာမှ ထတော်မူကာ ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။ ကျောင်းတော်သို့ ပြန်အရောက်တွင် ရဟန်းတော်တို့

၁။ ဤစကားဖြင့် ရဟန်းသာ ဒေရဟတ္တဖိုလ်ကို ရနိုင် (ရဟန္တာဖြစ်နိုင်)သလော ? ဟု လျှဉ်းပါးဘွယ်ရှိသည်၊ စင်စစ်သော်ကား လူသည်လည်း အရဟတ္တဖိုလ်ကိုရနိုင် (ရဟန္တာဖြစ်နိုင်) သည်သာတည်း၊ သို့ရာတွင်

ဆွမ်းကိစ္စပြီးချိန်ကို ငံ့လင့်တော်မူရင်း ဂန္ဓကုဋ္ဌိ တန်ဆောင်းဝန်း၌ရှိသည့် မြတ်သောဘုရား နေရာတော်၌ သီတင်းသုံးတော်မူ၏။ ထို့နောက် အလုပ်အကျွေးဖြစ်သော ရဟန်းတော်က ရဟန်းတော်တို့ ဆွမ်းကိစ္စ ပြီးပြီဖြစ်ပါကြောင်း – လျှောက်လာသောအခါတွင်မှ ဂန္ဓကုဋ္ဌိသို့ ဝင်ကြွတော်မူလေ၏။

[ဤကား ဆွမ်းဘဉ်းပေးတော်မမူမီ ကာလအတွင်း ဗုဒ္ဓရှင်တော်ဘုရား၏ ဆောင်ရွက်တော်မူခြင်း ဖြစ်ပေသည်။ ပုရေဘာတ္တကိစ္စ။]

(၂) နေ့ပိုင်း လုပ်ငန်း ဆွမ်ခဲ့သည့်အတိုင်း ဂန္ဓကုဋ္ဌိသို့ ဝင်တော်မူသည် ဆိုသော်လည်း မဝင်မီ ဂန္ဓကုဋ္ဌိအနီး၌ ထိုင်နေတော်မူကာ ခြေတော်များကို ဆေးတော်မူပြီးနောက် ခြေဆေးအင်းပျဉ်၌ ရပ်တည်တော်မူရင်း (အသင့်ရောက်နေနှင့်ကြသည့် ရဟန်းတော်တို့အား) ဆုံးမစကား မိန့်ကြားတော်မူမြဲဖြစ်၏။ "ချစ်သားတို့။ မမေ့မလျော့ခြင်း (သတိ) နှင့် ပြည့်စုံကြစေလော့။ လောကဘဲ့ ဗုဒ္ဓဘုရားပွင့်ခါနီးကို ရခဲ—ကြုံခဲပေသည်။ လူအဖြစ်ကိုလည်း ရခဲပေသည်။ (လျောက်ပတ်သောအရပ်၌ နေရခြင်း, ဣန္ဒြေများ မချို့တဲ့ခြင်း, သဒ္ဓါတရားနှင့် ပြည့်စုံခြင်း စသော) ခဏကောင်းနှင့် ပြည့်စုံခြင်းကိုလည်း ရခဲပေသည်၊ ရှင်ရဟန်းအဖြစ်ကိုလည်း ရခဲပေသည်၊ သူတော်ကောင်းတို့၏ တရားစကားကိုလည်း ကြားနာရခဲပေသည်" ဟု ဆုံးမတော်မူမြဲဖြစ်၏၊ ဤသို့ပင် နေ့စဉ်နေ့တိုင်း ရဟန်းတို့အား ဒုလ္လဘတရား ငါးပါးကို သတိပေးဟောပြောလေ့ ရှိပေသည်။

ထို့နောက်၌ပင် အချို့ရဟန်းတော်တို့သည် မိမိတို့နှင့်သင့်လျော်မည့် ကမ္မဋ္ဌာန်းကို မေးလျှောက်ကြကုန်၏၊ ဗုဒ္ဓရှင်တော်ဘုရားသည် ထိုရဟန်းတော်တို့အား စရိုက်နှင့်လျော်ရာ ကမ္မဋ္ဌာန်းကို ပေးသနားတော်မူလေ၏၊ ထို့နောက်မှ ရဟန်းတော်အားလုံးပင် ဗုဒ္ဓရှင်တော်ဘုရားကို ရှိခိုးကာ မိမိတို့ညဉ့်နေရာ, နေ့နေရာများသို့ ကြွသွားကြလေကုန်၏၊ အချို့ကား တောသို့, အချို့ကား သစ်ပင်ရင်းသို့, အချို့ကား တောင်စသည်တို့တွင် တဒုခုသို့, အချို့ကား စတုမဟာရာဇ်ဘုံရှိ ဆိတ်ငြိမ်ရာ ဗိမာန်သို့။ပ။ အချို့ကား ပရနိမ္မိတ ဝသဝတ္တီဘုံရှိ ဆိတ်ငြိမ်ရာဗိမာန်သို့ ကြွကြလေကုန်၏။

ထို့နောက် ဂန္ဓကုဋ္ဌိတိုက်တော်တွင်းသို့ ဝင်တော်မူကာ အကယ်၍ အလိုရှိတော်မူပါက လက်ျာနံစောင်းဖြင့် လျောင်းဟော်မူ၍ သတိ, သမ္ပဇဉ် ယှဉ်တော်မူလျက် တမှဟုတ်မျှ ခြေသံ့မင်းကဲ့သို့ ကျိန်းစက်တော်မူလေ၏၊ ကျိန်းစက်တော်မမူသော အခါဌ်လည်း သမာပတ် ဝင်စားတော်မူလေသည်။

ဤသို့ တမှဟုတ်ကလေးမျှ ကျိန်းစက်တော်မူလိုက်သောကြောင့် ခန္ဓာကိုယ် မျှတမှုကိုရတော်မူပြီးလျှင် ထတော်မူကာ ဒုတိယအဖို့၌ (ပစ္ဆိမယာမ်အခါ၏ တတိယအဖို့မှာကဲ့သို့ပင်) ကျွတ်ထိုက်သော သတ္တဝါတို့ကို ဉာဏ်ဖြင့် ရှုစားတော်မူလေ၏။

တတိယအဖို့၌ သီတင်းသုံး မှီဘင်းတော်မူရာ ရွာ, နိုဂုံးရှိ ဒါနရှင်အပေါင်းတို့က နံနက်ဆွမ်းဘဉ်းပေးတော်မမူမီအချိန်အတွင်း အလှူဒါနများ ပြုလုပ်ခဲ့ကြပြီးလျှင် ဆွမ်းဘဉ်းပေးတော်မူပြီး

လူသည် အရဟတ္တဖိုလ်ကိုရလျှင် ယင်းရသော နေ့၌ ရဟန်းပြုရမည်၊ သို့မဟုတ်လျှင် ပရိနိဗ္ဗာန်စံရမည် ဖြစ်သည်၊ "ကေစိ ပဗ္ဗဇိတ္ဝာတိ စ အရဟတ္တသမာပန္နာနံ ပဗ္ဗဇ္ဇသခေ်ပဒဿနတ္ထံ၊ န ပန ဂိဟီနံ အရဟတ္တသမာပန္နတာ ပဋိက္ခေပနတ္ထံ။ အယဉ္ဟိ အရဟတ္တပတ္တာနံ ဂိဟီနံ သဘာဝေါ၊ ယာ တ ဒေဟ ပဗ္ဗဇ္ဇာ ဝေါ, ကာလံ ဂဠိရိယာ ဝေါ" စသည်ဖြင့် သီဠိသစ်၊ ၁၊ ၂၀၇၊ ၌ဖွင့်ဆိုလေသည်။

အခါန်ဥ်လည်း ကောင်းစွာ ဝတ်ရုံကြပြီးလျှင် ပန်း, နံ့သာ စသည်တို့ကို ယူဆောင်ကြ၍ ဗုဒ္ဓရှင်တော်ဘုရား သီတင်းသုံးတော်မူရာ ကျောင်းတော်၌ အညီအညွတ် စည်းဝေးကြလေ၏၊ ထိုသို့ စည်းဝေးရောက်လာကြသည့် ဒကာ, ဒကာမအပေါင်းနှင့် သင့်လျော်သော တန်ခိုးပြာဋိဟာဖြင့် ကြွလာတော်မူကာ တရားသဘင်ရှိ ဘုရားနေရာတော်မြတ်၌ သီတင်းသုံးတော်မူလျက် ကာလ, သမယနှင့်အညီ (မိုးမချုပ်မီအပြီး) တရားရေအေး တိုက်ကြွေးတော်မူမြဲ ဖြစ်ပေ၏။ [ဤကား ဆွမ်းဘဉ်းပေးတော်မူပြီးနောက် အခါန်အတွင်း ဆောင်ရွက်တော်မူပုံပေတည်း။]

(၃) ညဉ့်ပထမပိုင်းလုပ်ငန်း ဤသို့ ဆွမ်းဘဉ်းပေးပြီး နောက်ပိုင်း အခါန်ကာလ အတွင်း ဆောင်ရွက်ဖွယ် ရှိသမျှကိုဆောင်ရွက်တော်မူပြီးနောက် ဧန္ဓာကိုယ်ကို ရေသွန်းလောင်း (သပ္ပါယ်) တော်မူလိုပါက သီတင်းသုံးတော်မူရာနေရာမှ ထတော်မူကာ ရေချိုးရုံသို့ ဝင်တော်မူ၍ အလုပ်အကျွေး ရဟန်းတော်၏ အသင့် စီမံထားသော ရေဖြင့် ကိုယ်တော်ကို ချမ်းစေတော်မူ၏၊ ထို့နောက် အလုပ်အကျွေးက ရှင်တော်ဘုရား၏ နေရာတော်ကို ယူဆောင်ကာ ဂန္ဓကုဋိ ပရိဝုဏ်အတွင်း၌ အသင့်ခင်းတားနှင့်လေရာ ဘုရားရှင်သည် ကောင်းစွာ ဆိုးထားသည့် နှစ်ထပ်သင်းပိုင်ကို ဝတ်တော်မူခြင်း, ခါးပန်းဖွဲတော်မူခြင်း, ကိုယ်ရုံတော်ကို လက်ဝဲ ပခုံးတဖက်၌ စမွယ်တင်ခြင်းများပြုတော်မူပြီးနောက် ကြွလာတော်မူကာ တမုဟုတ်မျှ တပါးထည်း သီတင်းသုံးတော်မူလေသည်၊ (ဖလသမာပတ် ဝင်စားတော်မူလေသည်)။

ထိုအခါ ရဟန်းတော်တို့သည် ထိုထိုအရပ်များမှ ဘုရားရှင်ရှိရာသို့ ရောက်လာကြပြီးလျှင် အချို့ကား ပြဿနာ မေးလျှောက်ကြကုန်၏၊ အချို့ကား ကမ္မဋ္ဌာန်းကိုမေးလျှောက်ကြကုန်၏၊ အချို့ကား တရားနာယူလိုပါကြောင်း တောင်းပန်ကြကုန်၏၊ ဘုရားရှင်သည် ထိုရဟန်းတော်တို့၏ အလိုကို ပြည့်စုံစေတော်မူရင်း ပုရိမယာမ် (ညဉ့်ဦးယာမ်) ညဉ့်ဈေပိုင်းအချိန်ကို ကုန်လွန်စေတော်မူလေ၏။

(၄) ညဉ့် ဒုတိယပိုင်းလုပ်ငန်း မဇ္ဈိမယာမ်ခေါ်သော ညဉ့်အလယ်ပိုင်း အချိန်ကား နတ်ပြဟ္မာတို့အတွက် သီးသန့် အခွင့်ရသောအချိန် ဖြစ်လေသည်၊ မှန်၏။ တသောင်းသော လောကဓာတ်မှ နတ်ပြဟ္မာတို့သည် ဤညဉ့်အလယ်ပိုင်း အချိန်ကျမှသာ မိမိတို့ မေးမြန်းလျှောက်ထားလိုသော ပြဿနာများကို မေးလျှောက်ခွင့်ရကြလေသည်[၁]။ ထိုကြောင့် နတ်များ လာရောက်ဆည်းကပ်သော အခါတိုင်းပင် "အဘိက္ကန္တာယ ရတ္တိယာ (ညဉ့်ဦးယာမ် လွန်ပြီးသော သန်းကောင်အခါ၌)" ဟု ပါရှိလေသည်၊ ဤသံယုတ္တနိကာယ်သည် ဗုဒ္ဓရှင်တော်မြတ်၏ ညဉ့်အလယ်ပိုင်း လုပ်ငန်းနှင့် ပတ်သက်၍ အကျိုးသက်ရောက်ခဲ့ပုံများကို အများဆုံး မှတ်တမ်းတင်သည့် နိကာယ်ကြီးပင်ဖြစ်ပေသည်။ (ဒေဝတာသံယုတ်, ဒေဝပုတ္တသံယုတ် စသည်ရှိ။)

(၅) ညဉ့် နောက်ဆုံးပိုင်းလုပ်ငန်း ပစ္ဆိမယာမ် ခေါ်သော ညဉ့် နောက်ဆုံးပိုင်း၌ကား၊ အခါန် ၃-ခါန်ပိုင်းခြား၍ **ပထမအခါန်၌** ကိုယ်၏ ပင်ပန်းနွမ်းနယ်မှုပပျောက်စေရန် စင်္ကြံကြွမြဲဖြစ်သည်၊ **ဒုတိယအခါန်၌**ကား ဂန္ဓကုဋိသို့ဝင်၍ ကျိန်းစက်တော်မူလေ့ရှိသည်၊ **တတိယအခါန်ကား** (နေ့ပိုင်းကဲ့သို့) ချွေချွတ်သင့်သော သတ္တဝါများအား

၁။ နိယာမော ဟိ ကိရေသ ဒေဝတာနံ ယဒိဒံ ဗုဒ္ဓါနံ ဝါ ဗုဒ္ဓသာဝကာနံ ဝါ ဥပဋ္ဌာနံ အာဂစ္ဆန္တာ မဇ္ဈိမယာမသမနန္တရေယေဝ အာဂစ္ဆန္တိ (သံ ဋ္ဌ၊၁၊၁၃)။

ချေချွတ်နိုင်ရန် တလောကလုံးကို ခြုံ၍ ကြည့်ရှုတော်မူမြဲ ဖြစ်ပေသည်၊ ယင်းသို့လျှင် နောက်တနေ့အတွက် နံနက်ပိုင်းလုပ်ငန်းစဉ်နှင့် ဆက်စပ်သွားမြဲဖြစ်ပေသည်။

အခြားအကြောင်းထူးကိစ္စ တစုံတရာမပေါ်ပေါက်လျှင် သီတင်းသုံးတော်မူရာ ဌာနတိုင်း၌ ဤအတိုင်းပင် ပြုလုပ်ဆောင်ရွက်မြဲ ဖြစ်ပေသည်။ ဤမျှဖြင့်ဗုဒ္ဓရှင်တော်မြတ်၏ တနေ့တာ ဆောင်ရွက်မြဲလုပ်ငန်းတာဝန်မှာ မည်မျှကြီးလေးကြောင်း အကဲခတ်နိုင်ပေသည်၊ တနေ့နှင့် တညဉ့်= ၂၄-နာရီတွင် တနာရီခွဲမျှလောက်သာ ကျိန်းစက်တော်မူ၍ ကျန်အချိန်အားလုံး (၂၂-နာရီခွဲခန့်) အလုပ်လုပ်တော်မူခဲ့သော ဗုဒ္ဓရှင်တော်မြတ်၏ မဟာကရုဏာနှင့် ဝိရိယစွမ်းအင်မှာ အတိုင်းမသိ ချီးကျူးဘွယ်ပင်ဖြစ်ပေသည်။

ထို့ကြောင့် စရိယာပိဋကအဋ္ဌကထာဆရာက (ဤနိဒါန်းအစဉ် ဖော်ပြခဲ့သည့် ဂါထာများဖြင့်) —

> "ဗုဒ္ဓရှင်တော်မြတ်သည် ခပ်သိမ်းသော ဓမ္မနှင့် သတ္တဝါမှန်သမျှတို့အပေါ်၌ တွယ်တာကပ်ငြိမှုမရှိပဲ ဥပေက္ခာဝိဟာရီ (လျစ်လျူရှုလေ့ရှိသူ) ဖြစ်တော်မူလျက် သတ္တဝါအများ၏ အကျိုးပြုလုပ်ငန်းကို အမြဲတန်း ဇဆောင်ရွက်တော်မူနေသည်မှာလည်း လက်ဖျစ်ခတ်တီး အံ့ချီးဘွယ်တပါးပင် ဖြစ်ပါပေသည်" ဟုဎင်း
>
> "(ယင်းသို့လျှင် အတန်းအစား မခွဲခြားပဲ) အများသတ္တဝါတို့ ကြီးပွါးချမ်းသာရေးအတွက် အချိန်ရှိသမျှ ကြိုးစားပြုလုပ်တော်မူရပါလျက် ပင်ပန်းနွမ်းနယ်မှုဟူ၍ ရှိတော်မမူခြင်းသည်လည်း လက်ဖျစ်ခတ်တီး အံ့ချီးဘွယ်တပါးပင် ဖြစ်ပါပေသည်" ဟုဎင်း ချီးကျူးတော်မူခဲ့လေသည်။

နိကာယ်ငါးရပ် ပဋ္ဌကတ်သုံးသွယ် ဤသို့ သတ္တဝါတို့ အပေါ်၌ ဝဋ်ဒုက္ခဝေဒနာကို ကုစားရန် သနားခြင်းမဟာကရုဏာတော်ကို အရင်းခံ၍ ပြင်းထန်သော ဝိရိယစွမ်းဖြင့် ၄၅-ဝါပတ်လုံး အပင်ပန်းခံကာ တရားဒေသနာ အဆုံးအမများကို နေ့မနား ညမအား ဆုံးမ ဟောကြားတော်မူခဲ့ပေသည်၊ ထိုတရားဒေသနာများကို သင့်တော်သလို ပေါင်းစည်းစုရုံးလိုက်သည့်အခါ ဒီဃနိကာယ, မဇ္ဈိမနိကာယ, သံယုတ္တနိကာယ, အင်္ဂုတ္တရနိကာယ, ခုဒ္ဒကနိကာယ ဟူ၍ နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ် အဖြစ်ဖြင့် တည်ရှိနေပေသည်။

နိကာယ်ငါးရပ်တွင် သံယုတ္တနိကာယ် ငါးကျမ်းကို "ဉာဏပဗောဒဇနနဿ = ပဋိစ္စသမုပ္ပါဒ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့နှင့်ပတ်သက်၍ အသိဉာဏ်ပညာထူးများ ဖြစ်ပေါ်စေတတ်သော ဂုဏ်သကတ်ရှိသည့် နိကာယ်" ဟု အဋ္ဌကထာ ဆရာမြတ်က ချီးကျူးဂုဏ်ပြုခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုသော် ရုပ်, နာမ်, ဓမ္မ, ပဋိစ္စသမုပ္ပါဒ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့နှင့် ပတ်သက်၍ အထူး ညွှန်ကြား ပြသသောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့်လည်း "ဝိပဿနာ အလုပ်စခန်း၌ သိမ်မွေ့သော အသိဉာဏ်ပညာရှိကုန်သော ရဟန်းယောဂီတို့အား အလွန်ကျေးဇူးများလှသော နိကာယ်" ဖြစ်ကြောင်းကို အဋ္ဌကထာနိဂုံး၌—

> "ဗဟုကာရဿ ယတီနံ ဝိပဿနာစာရနိပုဏဗုဒ္ဓိနံ သံယုတ္တဝရနိကာယဿ" ဟု ထပ်လောင်း၍ ဂုဏ်ပြုခဲ့လေသည်။ ထို့ကြောင့် ဤနိကာယ်အား "ဉာဏပဗောဒဇနနဿ" ဟု ချီးကျူးဂုဏ်ပြုထားသည်မှာ ကိုက်ညီလှပါပေသည်။

ဤသံယုတ္တနိကာယ်၏ အဖွင့်အဋ္ဌကထာ ၃-ကျမ်း၏ အမည်ကိုလည်း “ သာရတ္ထပကာသနီ= အနုစ် သဘာဝ အလင်းပြ အဖွင့်ကျမ်း ” ဟု မှည့်ခေါ်ခဲ့ပေသည်။

ဟောကြားပုံ အစီအစဉ် ‘သံယုတ္တ’ ဟူသည် ယှဉ်စပ်စုပေါင်း ဖွဲ့စည်းမှုဟူသော အဓိပ္ပါယ်ဖြစ်သည်။ အဘယ်သို့ စပ်ယှဉ် စုပေါင်းဖွဲ့စည်းသနည်းဟူငြားအံ့—

အက္ခရာဗျည်းတို့၏ စုပေါင်းမှုသည် – ပုဒ်
ပုဒ်တို့၏ စုပေါင်းမှုသည် – ဝါကျ
ဝါကျတို့၏ စုပေါင်းမှုသည် – သုတ်
သုတ်တို့၏ စုပေါင်းမှုသည် – ဝဂ်

ထိုသုတ်နှင့်ဝဂ်တို့၏ စုပေါင်းမှုကို သံယုတ်ဟု ခေါ်ဆိုရလေသည်။ အကျဉ်းချုပ်၍ ဆိုရသော် ယင်းသုတ် ဝဂ် အကြောင်းအရာတို့ကို **သဘောတူရာ စုပေါင်းဖွဲ့စည်း၍ သူ့ကဏ္ဍနှင့်သူ စီစဉ်ထားသည်ကို “သံယုတ်”** ဟု ခေါ်သည်။ ဖွဲ့စည်းရာ၌လည်း ပင်မဖွဲ့စည်းမှု ပုံသဏ္ဌာန်ကို ၅-မျိုး ခွဲခြား၍ ထို ၅-မျိုးတွင်လည်း သဘောတူရာ သံယုတ် ဝဂ် သုတ်အလိုက် ထပ်မံ၍ ခွဲခြား စီစဉ်ထားပြန်လေသည်။

ဤပုံသဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် ဤနိကာယ်ကြီးသည် မည်မျှ ကျယ်ဝန်းစေကာမူ မိမိ အလိုရှိသော အကြောင်းအရာ တစုံတခုကို အချိန်မကုန်စေပဲ လွယ်ကူစွာ ရှာဖွေရရှိနိုင်သည်ကို တွေ့ရပေလိမ့်မည်။

ပင်မ အခြေခံ ဖွဲ့စည်းပုံ ငါးမျိုးမှာ—

(၁) **သဂါထာဝဂ္ဂသံယုတ်။** ယင်းသံယုတ်သည် ဂါထာဗန္ဓပါရှိသော အကြောင်းအရာတူများကို ဒေဝတာ သံယုတ် စသည်အားဖြင့် ၎င်း, နဒ္ဒဝဂ် စသည်အားဖြင့်၎င်း အဆင့်ဆင့် ပေါင်းစည်းထားသော ပင်မ အခြေခံဖွဲ့စည်းမှု အပိုင်း ၁-ဖြစ်သည်။ ဤအပိုင်း ၁-၌ သဘောတူ အတွင်း သံယုတ်ပေါင်း ၁၁-သံယုတ်၊ ဝဂ်ပေါင်း ၃၈-ဝဂ်၊ သုတ်ပေါင်း ၂၇၀ သုတ် ပါဝင်သည်။

ဤအပိုင်း ၁-၌ ဗုဒ္ဓ, ဗုဒ္ဓသာဝကတို့နှင့် နတ်, ဗြဟ္မာ, သိကြား, မာရ်နတ်, ဘီလူး, ဗြာဟ္မဏတို့ အချင်းချင်း ပြောဆိုဆက်ဆံပုံများ၊ ကောသလမင်းကြီး၏ အကြောင်း, ရှင်ဝဇိရ အကြောင်း စသည်တို့ကို တွေ့နိုင်ပေသည်။

(၂) **နိဒါနဝဂ္ဂသံယုတ်။** ၎င်းသည် အကြောင်းအကျိုးဆက်သွယ်မှု (ပဋိစ္စသမုပ္ပါဒ်)ကို ပဓာန ပြု၍ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ မှ ကင်းဆိတ်ပုံ စသည်ကို အကြောင်း ဥပမာအမျိုးမျိုးဖြင့် ဟောထားသည့် ဒေသနာတို့ကို သဘောတူရာ စုပေါင်း ဖွဲ့စည်း ထားသော ပင်မ အခြေခံ ဖွဲ့စည်းမှုအပိုင်း ၂-ဖြစ်သည်။ ဤအပိုင်း ၂-၌ အတွင်း သံယုတ်ပေါင်း ၉-သံယုတ်၊ ဝဂ်ပေါင်း ၃၉-ဝဂ်၊ သုတ်ပေါင်း ၄၂၆-သုတ် ပါဝင်သည်။

ဤအပိုင်း ၂-၌ ပဋိစ္စသမုပ္ပါဒ်ကို ပင်မ အခြေခံ ပြု၍ အကြောင်းဥပမာအမျိုးမျိုး, မဂ်ဖိုလ် ရသူများ၏ ဆင်းရဲမှလွတ်ကင်းပုံ ဥပမာများ, အချင်းချင်း ဓာတ်သဘောတူရာဆက်ဆံတတ်ကြပုံ,

အစမထင်သော သံသရာ, ဆွေမျိုးမိဘမတော်စပ်ဘူးသူ မရှိပုံ ဥပမာများ, ရှင်မဟာကဿပ၏ ကျေးဇူးဂုဏ်များ, ဒကာ ဒကာမ ဆက်ဆံရေးနှင့် လာဘ်လာဘတို့၏ အပြစ်များ, ပြိတ္တာမျိုးစုံ, လူ့အဖြစ် ရခဲပုံ, အသက်တိုပုံ, မေတ္တာ အကျိုးများပုံ ဥပမာများ, အပွမာဒ ဖြစ်ဖွယ်များ စသည်တို့ကို တွေ့နိုင်ပေသည်။

(၃) **ခန္ဓဝဂ္ဂသံယုတ်။** ၎င်းသည် ခန္ဓာငါးပါးကို ပဓာနပြု၍ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ စသည် ကင်းဆိတ်ပုံစသည်ကို အကြောင်း ဥပမာအမျိုးမျိုးဖြင့် ဟောထားသည့်ဒေသနာတို့ကို သဘောဘူရာစုပေါင်းဖွဲ့စည်းထားသော ပင်မ အခြေခံဖွဲ့စည်းမှုအပိုင်း ၃-ဖြစ်သည်။ ဤအပိုင်း ၃-၌ အတွင်းသံယုတ်ပေါင်း ၁၁-သံယုတ်၊ ဝဂ်ပေါင်း ၅၉-ဝဂ်၊ သုတ်ပေါင်း ၇၁၆-သုတ် ပါဝင်သည်။ (သီဟိုဠ်မူအလို ၇၆၄-သုတ်။)

ဤအပိုင်း ၃-၌ ခန္ဓာငါးပါး၌ လက္ခဏာရေး ၃-ပါး ထင်ပုံကို ပင်မ, အခြေခံပြု၍ ဟောတော်မူသည်၊ ဝိပဿနာရှုပုံ, ခန္ဓာငါးပါး ဆင်းရဲပုံ, ဥပမာများ, အနတ္တလက္ခဏသုတ်, ခန္ဓာငါးပါးသိ၍ ဝိဇ္ဇာဖြစ်ပုံ, မသိ၍ ဒိဋ္ဌိဖြစ်ပုံ, သေသည့်နောက်၌ သတ္တဝါ ဖြစ်,မဖြစ် စသော မိစ္ဆာဒိဋ္ဌိအယူမျိုးစုံ (အပြည့်အစုံ),ရှင်သာရိပုတြာ၏ ဝိပဿနာသုခရှိပုံ, နဂါး ဂဠုန် ဂန္ဓဗ္ဗ မိုး လေ စသော ဝလာဟက နတ်များ ဖြစ်ရကြောင်းနှင့် လောကီစျာန်အမျိုးမျိုး စသည်တို့ကို တွေ့နိုင်ပေသည်။

(၄) **သဠာယတနဝဂ္ဂသံယုတ်။** ၎င်းသည် အတွင်းအပြင် အာယတန ၁၂-ပါးကို ပဓာနပြု၍ ပုဂ္ဂိုလ်, သတ္တဝါ, သတ္တဇီဝ စသည့် အတ္တဒိဋ္ဌိအစွဲအလန်းမှ ကင်းလွတ်ပုံ အကြောင်းတို့ကို ဥပမာအမျိုးမျိုးဖြင့် သဘောတူရာ စုပေါင်းဖွဲ့စည်းထားသော ပင်မ, အခြေခံဖွဲ့စည်းမှုအပိုင်း ၄-ဖြစ်သည်။ ဤအပိုင်း ၄-၌ အတွင်းသံယုတ်ပေါင်း ၉-သံယုတ်၊ ဝဂ်ပေါင်း ၃၀-ဝဂ်၊ သုတ်ပေါင်း ၄၃၀-သုတ် ပါဝင်သည်။

ဤအပိုင်း ၄-၌ အာယတန ၁၂-ပါးကို ဝိပဿနာရှုပုံ, ဆန်းကြယ်သော ဥပမာ အမျိုးမျိုးဖြင့် အာယတနသဘောကိုပြသည့် အာသီဝိသောပမ စသော ဥပမာပြ သုတ်များ, မာတုဂါမတို့၏ အကြောင်း, ရဟန္တာ, နိဗ္ဗာန် စသော ပြဿနာများ, ရှင်မဟာမောဂ္ဂလ္လာန်၏ အဘိညာဉ် အစွမ်းသတ္တိများ, စိတ္တသူကြွယ်အကြောင်း, အထူး စိတ်ဝင်စားဘွယ်ကောင်းသော ရှာသူကြီးများအား ဟောသော တရားစု, သဘင်သည်ငရဲ, စစ်သားငရဲ, တမလွန်ဘဝ စသော ပြဿနာမျိုးစုံ စသည်တို့ကို တွေ့နိုင်ပေသည်။

(၅) **မဟာဝဂ္ဂသံယုတ်။** ၎င်းသည် မဂ္ဂင် ၈-ပါး, ဗောဇ္ဈင် ၇-ပါး, သစ္စာ ၄-ပါး စသော သဘောတူရာတို့ကို စုပေါင်းဖွဲ့စည်းထားသော ပင်မ, အခြေခံဖွဲ့စည်းမှုအပိုင်း ၅-ဖြစ်သည်။ ဤအပိုင်း ၅-၌ သံယုတ်ပေါင်း ၁၂-သံယုတ်၊ ဝဂ်ပေါင်း ၄၈-ဝဂ်၊ သုတ်ပေါင်း ၁၃၉၉-သုတ် ပါဝင်သည်။

ဤအပိုင်း ၅-၌ မဂ္ဂင်, ဗောဇ္ဈင်, အာနာပါန, သတိပဋ္ဌာန်, ဣန္ဒြေ,သမ္မပ္ပဓာန်, ဗိုလ်, ဣဒ္ဓိပါဒ် တို့၏အစွမ်း, ဣဒ္ဓိပါဒ် ပွါးများပုံနှင့် ရှင်မောဂ္ဂလ္လာန်, စျာန်အဘိညာဉ်, သောတာပန်အကြောင်း, သစ္စာ ၄-ပါး, ဓမ္မစက္ကပဝတ္တနသုတ်, သစ္စာ ၄-ပါးသိသူ အလွန်နည်းပုံ ဥပမာများ, လောက အကြောင်းကို မကြံစည်သင့်ပုံ, မနုဿဘူတဒုလ္လဘကို လိပ်ကာဏ်းကွင်းစပ် စသောဥပမာများဖြင့်

ဟောကြားထားပုံ, သေရည်သေရက်, ကျွန်မိန်းမ, ကျွန်ယောကျ်ား, မိန်းမပျို,အိုကို အလျှူခံမှု စသည့် အကြောင်း၊ လူနတ် သေလျှင် အပါယ်ကျသူများကြောင်း စသည်တို့ကို တွေ့နိုင်ပေသည်။

သံယုတ္တနိကာယ် ငါးကျမ်းကို စာအုပ်သုံးအုပ်ခဲ့၍ ရိုက်နှိပ်ထားသည်။ ပထမအုပ်၌ သဂါထာ-ဝဂ္ဂသံယုတ်နှင့် နိဒါနဝဂ္ဂသံယုတ် ၂-ကျမ်းပါဝင်သည်။ ဒုတိယအုပ်၌ ခန္ဓဝဂ္ဂသံယုတ်နှင့် သဠာယတန ဝဂ္ဂသံယုတ် ၂-ကျမ်းပါဝင်သည်။ တတိယအုပ်၌ မဟာဝဂ္ဂသံယုတ် ၁-ကျမ်းသာ ပါဝင်သည်။ စာအုပ်အားဖြင့် သုံးအုပ်ဖြစ်၍ ကျမ်းအရေအတွက်အားဖြင့် ငါးကျမ်းဖြစ်သည်။ အစုစု သံယုတ်ပေါင်း ၅၂,၀၈်ပေါင်း ၂၂၂,သုတ်ပေါင်း ၇၀၄၉-သုတ်ဖြစ်သည်။ သံယုတ်နှင့် ဝဂ်အရေအတွက်မှာ ဋီကာ (၁၊၁၅)အရ ဖော်ပြခြင်းသာ ဖြစ်၏။ သုတ်အရေအတွက်မှာကား ကိုယ်တိုင် အထပ်ထပ် တွက်ယူရရှိချက် (ယခုလက်ရှိ ပါဠိတော်မူအရ)သာ ဖြစ်သည်။ သုတ်အရေအတွက်နှင့် ပတ်သက်၍ အဋ္ဌကထာ (၁၊၃)၌—

သတ္တ သုတ္တသဟဿာနိ၊ သတ္တ သုတ္တသတာနိ စ။
ဒ္ဝါသဋ္ဌိ စေဝ သုတ္တာနိ၊ ဧသော သံယုတ္တသင်္ဂဟော–ဟု

သုတ်ပေါင်း ၇၇၆၂-သုတ် ရှိကြောင်း ပြဆိုလျက်ရှိ၏။

ဘာသာပြန် အမျိုးအစား။ ။ပါဠိမှ မြန်မာပြန်ဆိုရာ၌ ပုံသဏ္ဌာန် အမျိုးအစားမှာ အကျဉ်းချုပ်အားဖြင့်—

၁။ ပါဠိတကျော့ မြန်မာတကျော့ ပြန်ဆိုနည်း (နိဿယ)

၂။ တိုက်ရိုက်မြန်မာပြန်ဆိုနည်း (ဘာသာပြန်)

၃။ လက်ဝဲဖြင့် ဖြစ်စေ စကားပြေဖြင့် ဖြစ်စေ အဓိပ္ပါယ်ကိုယူ၍ အမှတ်းတင် ခဲ့ုထုင်ပြန်ဆိုနည်း (ဝတ္ထု, ပျို., ကဗျာ)အားဖြင့် ၃-စား တွေ့ရပေသည်။ ထို ၃-စားတို့တွင် ပါဠိတကျော့ မြန်မာတကျော့ပြန်ဆိုနည်းဖြစ်သော (နိဿယ=အမှီ)၏ အမျိုးအစားနှင့် ဝေါဟာရများမှာ—

၁။ နိဿယ နံကျဉ်း။
၂။ နိဿယ နံကျယ်။
၃။ နိဿယ နံပြောက်ဟူ၍ ၃-မျိုးခဲ့ခြားခဲ့ကြ၏။

(၁) **နံကျဉ်း** ဟူသည် တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းစေ့ငရုံ ပြန်ဆိုခြင်း ဖြစ်သည်။

(၂) နံကျယ်ကား အဓိပ္ပါယ် အမှာအထားများနှင့်တကွ ဆန်း, သဒ္ဒါ, အလင်္ကာနည်း, အဋ္ဌကထာ, ဋီကာ, အာစရိယဝါဒနည်းများဖြင့် ဝေဝေဆာဆာ အကျယ်ရေးသားခြင်း ဖြစ်၏[၁]။

(၃) နံပြောက်ဟူသည် နံကျဉ်း, နံကျယ်တို့ကဲ့သို့ မဟုတ်ပဲ ခက်နိုးရာ ပုဒ်လောက်ကိုသာ ရွေးချယ်၍ (ပြောက်ကျား)ရေးသားခြင်း ဖြစ်၏။

၁။ ရွှေဥမင်ဆရာတော် ရေးသော ပိနည်းငါးကျမ်း နိဿယကို **နံစောင်**ခေါ်၍ ဒုတိယ မောင်းထောင် သာသနာပိုင် ဦးဥေယျ ရေးသော နိဿယကို နံကျယ်ဟု ဆိုကြောင်း ၁၂၉၀-ပြည့်နှစ်ရေး ပါရာဇိကဏ် အဋ္ဌကထာနိဿယ (ရွှေဥမင်မူ)၏ နိဒါန်း၌ တွေ့ရသည်။

ထို့ပြင် နိဿယနှင့် ပတ်သက်သော ဝေါဟာရများကား မနည်းလှပေ၊ တွေ့ရှိရသမျှမှာကား — နိဿရေည်း, နံ, အမ့်, နံစောင်, နံစံ, ချနက် ဟူ၍လည်း ခေါ်ဝေါ် သုံးနှုံးကြသည်။

တဖန် ရှေးက စာရေးသောအခါ ရေးသော ဆရာတော်က များသောအားဖြင့် ပုရပိုဏ်မှာ ရေး၍ နောက်မှ ကျောင်းစာရေးက ပေမှာတင်လေ့ရှိသည်။ ထိုသို့မဟုတ်မူ၍ ဆရာတော်ကိုယ်တိုင်က ပုရ့ပိုဏ်မှာမရေးပဲ ဒူးထက်တွင် ပေတင်ရေးလျှင် လက်အလွန်ပင်ပန်းသောကြောင့် ယင်းနိဿယ မျိုးကို "လက်ပန်း နိဿယ" ဟု ခေါ်စမှတ်ပြုကြသည်။

အထက်ကပြဆိုခဲ့သော မြန်မာပြန်ဆိုနည်း ၃-မျိုးတွင် နိဿယခေါ် ပါဠိတကျော့ မြန်မာတကျော့ ပြန်ဆိုနည်းမှာ အလွန်ပင် ကျေးဇူးများ၍ စိတ်ဝင်စားဘွယ်လည်း ကောင်းသော စံနစ်ဟောင်းတခု ဖြစ်ပေသည်၊ ပါဠိရော မြန်မာပါ ၂-ဘာသာလုံး ဂရုတစိုက် တွဲစပ်မှတ်သားမိစေခြင်းဖြင့် ပါဠိဘာသာကို အထူးကျွမ်းကျင်နိုင်နင်းစေလေသည်။ မူလ ပါဠိ ဝေါဟာရ၏သဘောအနက်ကို အတိအကျ အပြည့်အဝ နားလည်ခွင့်ရယူနိုင်စေသည်။ ပါဠိဘာသာနှင့် မြန်မာဘာသာတို့၏ ဝါကျဖွဲ့စည်းပုံချင်း အလွန်နီးစပ်သဖြင့်လည်း ယင်းသို့ ထပ်တူထပ်မျှ ဘာသာပြန်ဆိုနိုင်ခြင်း ဖြစ်ပေသည်။ ဤနည်းသည် ဝါကျ တခု တခု၏ ပဓာန ဆိုလိုချက် (ပိဏ္ဍတ္ထ) ကို အပြည့်အစုံ မပေါ်လွင်စေကာမူ လုံးကောက်သဘောကိုကား အခြားဘာသာပြန်နည်းတို့ထက် ပို၍ အကျိုးများစေသောနည်းဟောင်း နည်းကောင်းတခုပင် ဖြစ်ပေသည်။ ဤစံနစ်ကို မည်သည့်ခေတ်က စတင်တည်ထွင်ခဲ့သည်ဟုကား မဖော်ပြနိုင်သော်လည်း သက္ကရာဇ် ၄၀၀-ကျော်ကာလ၌ ဤစံနစ်ရှိနေပြီဖြစ်ကြောင်းကိုကား အထောက်အထား ရရှိနိုင်ပေသည်။ ပထမဆုံး နိဿယအဖြစ် (စာရင်းတွေ့ရသမျှတွင်) ခုဒ္ဒသိက္ခာ အဋ္ဌကထာ နိဿယကို တွေ့နိုင်ပေသည်။ (ရှေးဦးပြအံ့)။

မြစေတီကျောက်စာမှ တိုက်ရိုက် မြန်မာပြန်

ပါဠိမှ မြန်မာဘာသာ ပြန်ဆိုမှုနှင့် ပတ်သက်၍ ပုဂံခေတ်ဦးပိုင်းမှ အထောက်အထားကို ကျမ်းစာအုပ် အနေဖြင့် ရရှိနိုင်တော့သည် မဟုတ်ပေ။ ထို့အတွက် ကျောက်စာအနေဖြင့် အထောက်အကူကို ရှာဖွေသောအခါ မြစေတီကျောက်စာခေါ် ပုဂံမြို့ မြင်းကပါရှာဂူပြောက်ကြီးဘုရား ကျောက်စာကို တွေ့ရပေသည်။ ပါဠိ, ပျူ, မွန်, မြန်မာ ၄-ဘာသာဖြင့် ၄-ဖက် ရေးထိုးခဲ့သဖြင့်လည်း သုတေသနအတွက် များစွာ အထောက်အကူပေးလျက် ရှိပေသည်။ ထိုကျောက်စာကို ၁၂၄၈-ခုနှစ်လောက်က ကျောက်စာဝန် ဒေါက်တာဖိုးရှမ်းမား, ဂျာမန်လူမျိုးက တွေ့ရှိထုတ်ဖော်ခဲ့သည်။

ဤကျောက်စာကို လေ့လာခြင်းအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း တထောင်ခန့် အခါကာလ ပုဂံခေတ်ဦးဖြစ်သည့် နော်ရထာ, ကျန်စစ်မင်းတို့ခေတ်က ပါဠိမှ မြန်မာဘာသာပြန်ပုံကို အကဲခတ်နိုင်ပေသည်။ အကြောင်းအရာတူ တခုကို ၄-ဘာသာ ယှဉ်ပြိုင်ရေးထိုးထားသဖြင့်လည်း တဘာသာမှ တဘာသာ ပြန်ဆိုသည်ဟု ယူဆသင့်ပေသည်။ ထို့ကြောင့် ဤ၌ ပါဠိနှင့် မြန်မာ ၂-ဘာသာကို အောက်ပါအတိုင်း ကြိုးကြား ထုတ်နှုတ်တွဲစပ်၍ ပြလိုက်ပါသည်။

ပါဠိ

အနိစ္စတာ ဝသံ တဿာ၊ ဂတာယ ပန ဒေဝိယာ။
ရာဇာ ရာဇကုမာရဿ၊ အဒါ ဂါမတ္တယံ ပုန။ ။

[ကော်]　　သံယုတ္တနိကာယ်ပါဠိတော် နိဿယ

မြန်မာ　ထို ချစ်သောမယား သေခဲ့ရကား၊ (ထို ချစ်သောမယား၏ တန်းဆာနှင့်)[1] ထို ကျွန် သုံးရွာတို့ကိုပင် ထို ချစ်စွာသော မယား၏ သား ရာဇကုမာရ မည်သောသူအား မင်းကြီးက ပေးတော်မူ၏။

ပါဠိ　အဌဝိသတိ ဝဿာနိ၊ ရဇ္ဇံ ဓမ္မေန ကာရိယ။
မာရဏန္တိကရောဂဿ၊ ဝသံ ပတ္တော နရာဓိပေ။　။

မြန်မာ　ထိုမင်း အနှစ် နှစ်ဆယ့်ရှစ်နှစ် မင်းပြုတော်မူပြီးလျှင် သေခါနီး နာတော်မူသောအခါ ပေတည်း။

ပါဠိ　သရန္တော ဓမ္မရာဇဿ၊ မဟန္တံ ဂုဏသဉ္ဇယံ။
ကာရေတ္ဝာ သတ္ထုနော ဗိမ္ဗံ၊ သဗ္ဗသောဝဏ္ဏယံ သုဘံ။　။

မြန်မာ　ထို ရာဇကုမာရ မည်သော ချစ်သောမယား၏ သားက မိမိကို မွေးမြူခဲ့သော မင်းကြီး၏ ကျေးဇူးကို အောက်မေ့ရကား ရွှေအတိပြီးသော ဘုရားသခင်အဆင်း (ရုပ်တု) ပြု၍။

ပါဠိ　ဧဝံ ဝုတ္တော မဟီပါလော၊ (ရောဂေနာတုရမာနသော)။
သာဓု သာဓုတိ ဝတ္ဝာန၊ တုဋ္ဌဟဋ္ဌော ပမောဒိတော။　။
... . ဧတေသံ ပန ဘိက္ခူနံ၊ သံမုခေ သော သုမာနသော။ ဧလံ ပါတေသိ။

မြန်မာ　ထို ရော်(အခါ) တည်း၊ မင်းကြီးနှစ်ခြိုက်ရကား ကောင်းလှသတည်း, ကောင်းလှသတည်း ဟု မိန့်၏၊ ... ... ထိုသခင် (အရှင်မြတ်) တို့ မျက်မှောက် မင်း ရေသွန် (ရေစက်ချ)၏။　။

[မြန်မာကျောက်စာအရေးတို့ကို အများ နားလည်စေရန် မူရင်းနှင့် မကွာသွန်းစေဘဲ ခေတ်ရေးနှင့်နီးစပ်အောင် ပြင်ရေးထားသည်။]

ဤ နှိုင်းယှဉ်ဘာသာပြန်ချက်ကို ကြည့်ခြင်းအားဖြင့် ထိုခေတ် ပါဠိစကားမှုသည် ဆန်းသဒ္ဒါကျန၍ အလွန်ဂေဆာလှသော်လည်း မြန်မာစာမှာ အတွန့်အတက် အညွှန့်အခက် မရှိသေးဘဲ အဓိပ္ပါယ် စေ့ငင် လုံလောက်ရုံမျှသာရှိသေးကြောင်း တွေ့နိုင်ပေသည်။ ကျောက်ထက်အက္ခရာဖြစ်၍ ဤသို့ကျုံ့ရုံ့နေသည်ဟုလည်း ယူဆရပေသည်။

ပေစာ မင်စာခေတ် ဘာသာပြန်

ကျောက်စာမထိုးမီခေတ်နှင့် ကျောက်စာခေတ် ဘာသာပြန် သမိုင်းကို ပြပြီးနောက် ဤ၌ ပေစာ မင်စာခေတ်ဟု ခေါ်ရမည့် ရာဇဝင်ခေတ် ဘာသာပြန်သမိုင်းကို ဖော်ပြသင့်ပေသည်။ ဘာသာပြန် သမိုင်းကို ဖော်ပြရာ၌လည်း စာပေရေးသားမှု နည်းပါးခဲ့ခြင်း, ခေတ်ဆိုးများကို အတန်တန် ဖြတ်ကျော်ခဲ့ရခြင်း စသည်တို့ကြောင့် အထောက်အထားများ လိုသလောက် မရနိုင်တော့ပေ။ ဥပမာ—သက္ကရာဇ် ၅၂၇-ခုနှစ် ကုလားကျခေါ် နရသူမင်းခေတ်, (သီဟိုဠ်တိုက်၍ ပုဂံ၌ ၉-နှစ် မင်းမဲ့။), တရုပ်ပြေး နရသီဟပတေ့ခေတ်, အင်းဝသိုဟန်ဘွားခေတ်, တောင်ငူနန္ဒဘုရင် နတ်ရှင်နောင်တို့

၁။ (....) ပါဠိ၌မပါ။

ခေတ်, (ပေါ်တူဂီ ငင်ကာခေါ် ဗိလစ်ဒေဘရစ်, တိုနီကိုတေတို့ရန်ကြောင့် ကျောင်းကန်ဘုရား စာပေများ ဆုံးရှုံးခဲ့ရကြောင်း) သီဘောခေတ်, (နန်းတွင်းပေထုပ်ပေါင်း ၁၁၅၀-ကို လန်ဒန်သို့ ယူသွားကြကြောင်း) စသော ခေတ်ဆိုးများသည်လည်း ဤ ဘာသာပြန်သမိုင်းအတွက် ဝမ်းနည်း ဖွယ် ခွဲတဲ့ချက်များ ဖြစ်ကြ၏။

ယင်းသို့သောအကြောင်းများကြောင့် ယခု တွေ့ရှိရသမျှ ပေစာတို့တွင် ညောင်ရမ်းခေတ် ဝမ်းဘဲအင်းစံမင်းခေါ် (ပေကို သားရိုး သစ္စေးကိုင်ပြီးမှ ပိဋကတ် ပါဠိကို ဆေးဒန်းရေး ရွှေရေးများ ဖြင့် ရေးခြင်းကို စတင် တီထွင်ခဲ့သူ)မင်းရဲကျော်ထင်လက်ထက် ၁၀၄၂-ခုနှစ် ရေးကူးသော ပေစာသည် ရှေးအကျဆုံးဟု ယူဆကြ၏။ ထို ပေစာလည်း လန်ဒန်ရောက် ပေစာဖြစ်နေ၏။ ဝေဟာရလိနတ္ထဒီပနီဆရာ ဦးခြိမ့် (ဘကြီးတော်ခေတ်) တို့ ခေတ်ကပင် တောင်ငူရောက်မင်း လက်ထက်က ပေစာကိုသာ တွေ့ရတော့ကြောင်း၊ ယင်း ဒီပနီ (၅၈-၉)၌ ဖော်ပြလျက်ရှိ၏။ ထို့ကြောင့် ယခု တွေ့ရှိသမျှပေစာနှင့် မှတ်တမ်းများကို မူတည်၍ ဤ သမိုင်းဖော်ပြရပေသည်။

ခေတ်အား‌ဖြင့် အလွန်စောသည် မဆိုနိုင်သော်လည်း နိဿယဘာသာပြန်အတွက် မင်စာအဖြစ် တွေ့ရှိရသည်မှာ ပုဂံမြို့ စူဠာမဏိဘုရားလို့ဏ်အတွင်းရှိ ဝိမလာစာရထေရ် ရေးသားခဲ့သည်ဆိုသော အောက်ပါ မင်စာရေး နိဿယဘာသာပြန်ပင် ဖြစ်သည်။

> "ဥပ္ပလေဟိ၊ အထူးထူးသော ကြာတို့ဖြင့်။ သဉ္ဆန္နံ၊ ဖုံးလွှမ်းထသော။ နိမ-လောဒကံ၊ ကြည်သော ရေလည်းရှိထသော။ နာလိကေရောဒကသမံ၊ အုန်းရည် နှင့်တူသော ရေရှိထသော။ ပေါရာဏေဟိ= ရှေးသူဟောင်းတို့သည်။ ရူပပုစ္ဆနဝိသဇ္ဇန-တလာကသမ္မတံ=ရုပ်မေးကန် ရုပ်ဖြေကန် ဟု သမုတ်အပ်ထသော။ တဋ္ဌာကဿ၊ တဖက်ဆည်းကန်၏"။ (ပါဠိသဒ္ဒါနည်းကား မက္ခ။)

ပုဂံခေတ် နိဿယများ နိဿယဘာသာပြန်မှုနှင့်ပတ်သက်၍ ရှေးအကျဆုံးသော နိဿယများကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

"ခုဒ္ဒသိက္ခာ အဋ္ဌကထာနိဿယဟောင်းမှာ သက္ကရာဇ် ၄၅၅-ခုနှစ်ဲ အရိမဒ္ဒနာ မည်သော ပုဂံမြို့၌ နန်းတက်သော သိရိတြိဘဝနာဒိတျုပဝရပဏ္ဍိတသုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူတံဆိပ် နာမံခံသော အလောင်းစည်သူမင်းလက်ထက် ထီးလင်းမြို့စီရင်စု ပေါင်လောင်ရွာဇာတိ ရှင်မဟာ-ကဿပ ပုဂံမြို့ တောင် ခရီးတတိုင်ကျော်ကွာ တောရကျောင်း၌ သီတင်းသုံးနေစဉ် စီရင်သည်"

၁။ ပိဋကတ်တော်သမိုင်းလာ စကားအရှိအတိုင်း ဖော်ပြထားပါသည်။ (ဤနိဿယကားဘားနဒ်ပိဋက တိုက်၊) (ယခု ဂျူဘလီဟောစာကြည့်တိုက်) ၌ ရှိသည်ဟု သိရသည်။ ယင်းသမိုင်း၌ ပြထားသည့်မင်းနှင့် သက္ကရာဇ်ကိုလည်း စဉ်းစားသင့်မည်ထင်ပါသည်။ ယင်း ဆရာတော်ရေး သဟဿရံသီ ဋီကာခေါ် မဟာဗောဓိဝင်ဋီကာ (ရှစ်ကြောင်းပေ၊ စျူမှ တာအထိ) နိဂုံး၌ကား "ပဋ္ဌဝဿသတေ ယာ တေ၊ ပဋ္ဌဆဋ္ဌိမဟာယနေ" ဟု ပါဠိစီကုံး၍ သိဃ်ဝိဇယမင်းသားက ၅၆၅-ခုနှစ် ယင်းဋီကာကို ပေတင်ကြောင်း ပါရှိ၏။ ဤ သက္ကရာဇ်အရ သော် အလောင်းစည်သူ မဖြစ်နိုင်။ နရပတိစည်သူသာ ဖြစ်နိုင်၏။ ယင်းသမိုင်း၌ပင် ၃၃၀, မဟာဗောဓိဝင် ဋီကာကို ပြရာ၌ နရပတိစည်သူ ဟုပင် ပြထားသည်။ ဒေါက်တာသန်းထွန်းရေး "ခေတ်ဟောင်း မြန်မာ ရာဇဝင်" ၂၃၇၊ ၂၄၁-၌ ယင်းဆရာတော် သက်တော် ၁၀၃, သို့မဟုတ် ၁၀၉-နှစ်ရှည်ပုံရကြောင်း ရေးသား ချက်နှင့် ၎င်း,ဦးဖိုးကျားရေး "ပေါင်လောင်မှင်ကဿပ" စာအုပ်နှင့်၎င်း နှိုးနှောင်၍ ဆက်လက်လေ့လာရန်ပင် ဖြစ်ပါသည်။

ဟု ပိဋကတ်တော်သမိုင်း (ဦးရေ ၇၆၀)၌ တွေ့ရှိရ၏။ သာလွန်မင်းကြီးလက်ထက် တောင်ဖီလာဆရာတော်ရေးသော ဝိနယာလင်္ကာရဋီကာ (၁၊၂၄) အရဏဝိနိစ္ဆယကထာ၌ "ခုဒ္ဒသိက္ခာ နိဿယော ဝုတ္တံ" ဟု ကိုးကားဖော်ပြထားသည်ကိုလည်း တွေ့ရ၏။ ယင်းနိဿယပင် ဖြစ်ဖွယ်ရှိသည်ဟု ယူဆရပေသည်။

ဂျင်းနောက်ခေတ်စော နိဿယတစောင်ကား ပြိဟင်္ဂနိဿရည်းဖြစ်သည်။ ထိုအကြောင်းကို ဘိုးတော်နှင့် ပဌမမောင်းထောင်သာသနာပိုင်တို့၏ အမေးတော်အဖြေ ၅၄၆-၌ "အရိမဒ္ဒနာပုဂံကျစွာမင်းကြီးလက်ထက် (၅၉၃-၆၁၁) သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို စီရင်သော ဓမ္မသိရိ (သဒ္ဓမ္မသိရိ) မထေရ်ပြုစုခဲ့သော ပြိဟင်္ဂနိဿရည်းသည် ကာလရှည်ကြာသဖြင့် အရေးအသားပျက်၍ အခ္ခါအရာ၌ မယူသာ မသိသာရှိသည်နှင့်" ပြိဟင်္ဂနိဿယအသစ် ရေးသားကြောင်းပါရှိသည်။

ဂျင်းနောက် တွေ့ရှိရသမျှ ပုဂံခေတ် နိဿယများမှာ ဒီဃနိကာယ်ပါဠိနှင့် အဋ္ဌကထာနိဿယများ ဖြစ်ကြသည်။ ယင်းနိဿယတို့အကြောင်းကို ပိဋကတ်တော်သမိုင်း (ဦးရေ ၄၆၃၊၅၇၅) ၌ "သင်္ကရာဇ် ၉၀၇-ခုနှစ် အရိမဒ္ဒနာ မည်သော ပုဂံမြို့တွင် နန်းတက်သော စောမွန်နှစ်မင်း ညီတော်ရာဇသူ မြောက်သားတော် စောမြတ်လှတို့က မွေးဖွားသူ ညောင်ရမ်း, သာဂရ နှစ်မြို့စား ဂုဏ္ဍာန္တရာဇ်မင်းသားက ပုဂံမြို့တွင် ရွှေကျောင်းကြီးဆောက်လုပ်ကိုးကွယ်သည့် ဆရာတော်ရှင်ဂုဏဝင်္သက စီရင်သည်" ဟု ပါရှိသည်။

ယင်း ဆရာသည်ပင် မုခမတ္တဒီပနီ (ရှာသ-ဉာဏ်) နိဿယဟောင်း (ဦးရေ ၂၂၉)နှင့် ကဝိ-သာရဋီကာသစ်နိဿယ (၁၀၁၉) များကိုလည်း ရေးသားကြောင်း ယင်းသမိုင်း၌ပင် ဖော်ပြလျက်ရှိ၏[၂]။ ယင်းသို့သျှင် ပေါင်လောင်ရှင်ကဿပ, သဒ္ဓမ္မသီရိနှင့် အထူးသဖြင့် ရှင်ဂုဏဝင်္သက တို့သည် တွေ့ရှိရသမျှ ရှေးခေတ်နိဿယစာမူများအရ အာဒိကမ္မိက (ရွှေပြား) ပုဂံခေတ် နိဿယကျမ်းပြုဆရာများအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ရပေသည်။

နောက်ဆုံးသင်္ကရာဇ် ၇၀၀-ကျော်က ပုဂံခေတ်နှောင်း နိဿယများ စာရင်းကိုကား ပိဋကတ်သမိုင်းတို့နှင့် အခြားစာအုပ်စာတမ်းတို့၌ မတွေ့ရှိရပေ။ သင်္ကရာဇ် ဂ၀၄-ခုနှစ် တောင်တွင်းမင်း, မင်းသီရိဇေယျသူ တည်သည့် ပုဂံမြို့ ရွှေစည်းခုံဘုရားအနောက် တက်နဲ့ချောင်းကျောင်း ကျောက်စာ၌ကား ယင်းခေတ်ရှိ ပါဠိ အဋ္ဌကထာ ဋီကာစသော သာသနာဝင်ကျမ်းများ စာရင်းနှင့်ဆေး, ဗေဒင်စသော လောကီကျမ်းများစာရင်း အထူးသဖြင့် ထိုခေတ်ရှိ နိဿယစာရင်းများကို တွေ့နိုင်ပေသည်။ ပိဋကသမိုင်းအတွက် လွန်စွာကျေးဇူးများသော ကျောက်စာဖြစ်ပေသည်[၃]။ ထို ကျောက်စာပါနိဿယစာရင်းများကို ဤ၌ မူအတိုင်း ထည့်သွင်းဖော်ပြကာ မှတ်တမ်းပြုလိုက်ပါသည်။

၁။ သာသနာလင်္ကာရစာတမ်း ၁၂၀ နှင့် ပိဋကတ်တော်သမိုင်း(ဦးရေ ၃၉၅)၌လည်းရှု။

၂။ ယင်းနိဿယများလည်း ဘားနဒ်ပိဋကတိုက်၌ ရှိကြောင်းသိရသည်။ ယင်းစာမူရင်းကို ကြည့်ရှုရသော် ပါဠိမြန်မာ ၂-ဘာသာအတွက် ဝေါဟာရသုတေသန (ဝါ) ဘာသာပြန်ဆိုပုံနှင့် ခုနှစ်သင်္ကရာဇ်လည်း အတိအကျသိနိုင်ပေရာ၏။ သထုံပိဋကတိုက်၌ကား "ကဝိသာရဋီကာသစ်နိဿယ" ကိုသာ တွေ့ရ၏။ (စာထုပ် နံပါတ် ၃၁၈။)

၃။ သာသနာလင်္ကာရစာတမ်း(၁၄၁),ပိဋကတ်တော်သမိုင်း(၁၀၇), ဝေါဟာရလိနတ္ထဒီပနီ(၁၈၁)တို့၌ ဤကျောက်စာကို အမြွက်မျှကိုးကားဖော်ပြလျက်ရှိကြသည်။

"ဝိနေည်နံ ၁၇-နစ်ကျဲ နိဿရေည်၊ သုတ်နံ၊ လက်ပံကျဲ၊ ကျဲမုတ်၊ ဆင်စွယ်ကျဲ၊ အဋ္ဌသာလိဏီ ကုဋ္ဌတိသာဏီ ?ကထာဝတ္ထုနိဿရေည်၊အဋ္ဌသာလိဏီနိဿရေည်၊ကစ္စယ်နိဿရေည်၊ ရူပသိဒ္ဓိနိဿရေည်၊ အဘိဓာန်နိဿရေည်၊ စစ်ဂါရျှာနိဿရေည်၊ စစ်ဂါရျှာဂန္ထီ၊ ဓမ္မပဂန္ထီ နိဿရေည် ၁၅၁-သော်၊ ဎေ ၅၆၈။ (တတိယမျက်နှာ။ ကြောင်းရေ ၂၃–၂၈။) အမြတုတ်နိဿရေည်၊ ပြဏ္ဍောနိဿရေည်၊ ကလပ်နိဿရေည်၊ နိဿရေည် သုံမ်ကျဲသော်၊ ဎေ ၂၂ ကျပ်၊ (စတုတ္ထမျက်နှာ ၃–၅။) သာရသင်္ဂြိုဟ်အမှီ၊ ကာမန္ဒကီအမှီ၊ ယောယသာတြဲအမှီ၊ ရောဂနိဒါန်အမှီ၊ သာရတ္ထစိန္ဒာအမှီ၊ ပါရာအမှီ၊ ဂါရုမိတိကဗျအမှီ၊ သဗ္ဗဟတ်အမှီ၊ ရတ္တမာလာနံ၊ ယုတ္တိသင်္ဂဟအမှီ၊" (ယင်းနှာ ၁၆–၁၉[၁]။)

ပုဂံဖြစ် မိန်တောင်း, ပိုင်တောင်း ပိုင်တောင်းကျမ်း ပုဂံခေတ်နိဿယများ၏ နောက်ဆက်တဲ့အဖြစ် မိန်တောင်း, ပိုင်တောင်း ၂-ကျမ်းကိုပါ ထည့်သွင်း ဖော်ပြသင့်ပေသည်[၂]။ ယင်း ၂-ကျမ်းလည်း ပုဂံဖြစ်ကျမ်းဟု နှုတ်မှတ်တမ်းပြုကြသည်။ အဋ္ဌသာလိနီဂဏ္ဌိများဖြစ်သော်လည်း ခက်နိုးရာ ပုဒ်ဝါကျများကို အနက်ဘာသာပြန်ပြလေ့ရှိသဖြင့် နိဿယနံပြောက်ဟုပင် ဆိုသင့်၏။ ထူးခြားသည်မှာ ပိဋကတ်သမိုင်းတို့၌ ဤကျမ်းစာများ၏အမည်ကို မတွေ့ရခြင်းပင်ဖြစ်၏။ သို့ရာတွင် ယင်းမှနောက်၌ ရေးသားအပ်သည့် အဋ္ဌသာလိနီဂဏ္ဌိများ ဖြစ်ကြသော ပဌမကျော်အောင်စံထား ဆရာတော် (ဟံသာဝတီပါမင်းလက်ထက်)၏ ဂဏ္ဌိနှင့် မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသာလင်္ကာရ၏ ဂဏ္ဌိ[၃] တို့၌ မိန္တောင်း, ပိုင်ဟူသော သင်္ကေတများဖြင့် မကြာခဏကိုးကား ဖော်ပြလေ့ရှိကြပေသည်။ ပမာဏပြုသင့်သောကျမ်း ၂-ကျမ်းဖြစ်ကြောင်း ထင်ရှား၏။

တဖန် ဟံသာဝတီပါမင်းလက်ထက် တောင်တွင်းကြီးမြို့ မင်းကျောင်းဘုန်းတော်ကြီး ဖြေဆိုသည့် "ကန်တော်မင်းကျောင်း မေတ္တာစာအဖြေ" အစဉ်ပင် ကျမ်းဂန်တတ်ပုဂ္ဂိုလ်တို့ တတ်သိအပ်သော ကျမ်းစုကိုဖော်ပြရာ၌လည်း ဤ ၂-ကျမ်း၏ အမည်များကိုပါဖော်ပြထားသည်ကိုတွေ့ရ၏။ သို့ဖြင့်ထင်ရှားခိုင်ခံ့သောကျမ်းများဖြစ်ကြောင်း သိအပ်သည်။ ယနေ့တိုင်လည်း ကျမ်းစာကို မမြင်ဘူးကြစေကာမူ သာသနာဝင်တို့၏ နား၌ ကျက်စားမိသော ကျမ်းများဖြစ်လျက်ရှိကြပေသေးသည်။

ကျမ်း အမည်ပေးပုံ သို့မဟုတ် ခေါ်တွင်ပုံနှင့်ပတ်သက်၍ကား အတိအကျ မဆိုသာ။ "မြိန်လှပေတောင်း ပိုင်လှပေတောင်း"ဟူသော အဓိပ္ပါယ်ရှိသည့်ကျမ်းဟုဆရာတို့ဆိုစမှတ်ပြုကြ၏။စစ်ဂါရှာ

၁။ ယင်းကျောက်စာလာဂျိကျမ်းစာရင်းကို ကြည့်ခြင်းအားဖြင့် ထိုခေတ်ရှိ စာပေအဆင့်အတန်းကို သိခွင့်ရသည်သာမက မည်သည့်ကျမ်းမျိုးကို နိဿရေည်,နံ,အဓိဟု ခေါ်ဝေါ်ကြောင်းကိုလည်း အကဲခတ်နိုင်၏။ ထိုခေတ်ကကျမ်းစာ၏ဌေတန်ဘိုးကိုလည်း သိနိုင်သည်။

အေဒီ ၁၂၇၃-ခုနှစ် (၆၃၈ = မြန်မာ ၆၃၅-ခုနှစ်) ပုဂံခေတ်က ပိဋကတစုံ၏ ဌေတန်ဘိုးမှာ ၃၀၀၀ ဖြစ်၍ ထိုခေတ်ကာလတန်ကြေးဖြင့် ဧက ၅၃၁၀-ရှိ မြေကိုပင် ဝယ်နိုင်သည်ဟု ခေတ်ဟောင်း မြန်မာရာဇဝင် ၂၀၅-၌ ဖော်ပြထား၏။ ထို့ကြောင့်လည်း ပိဋကစာပေများဆင့်ပွါးမှကူးယူ မပူဇော်နိုင်ပဲဖြစ်ရကာ မှိသမျှ စာစုလည်း ခေတ်ဆိုးများနှင့်ကြုံရ၍ ပျောက်ကွယ်မှုများခြင်း ဖြစ်ခဲ့ရပေလိမ့်မည်။

၂။ ယင်း ၂-ကျမ်းကို ကမ္ဘာအေး ဇမ္ဗုဒီပကျောင်းဆောင် အဘိဓာန်နာယက-အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာနုတ္တရထံ၌ ဖတ်ရှုနိုင်ပါသည်။

၃။ ၁၂၆၁-ခုနှစ် ပြာသိုလဆန်း ၄-ရက်နေ့ ကဝိမျက်မှန်စာပုံနှိပ်တိုက်၌ရိုက်သည်။

၄။ ကဝိမျက်မှန်စာပုံနှိပ်တိုက်၊ ခရစ် ၁၉၄၁-ခုနှစ်ရိုက်၊ စာမျက်နှာ ၆။

ဂဏ္ဌိ,မြို့ပြင်ကြီး ဂဏ္ဌိ, ကစ္စယ်နိဿယ,ဒန့်တိုင်မူ စသည်တို့ကဲ့သို့ ရွာအမည်ကိုတင်စား ခေါ်ဝေါ်ခြင်း လောဟုလည်း စဉ်းစားသင့်၏။ ရောဝတီမြစ်ဆိပ်၌ ရေချိုးသောမောင်ရှင်တစုန့်၌ မာတုဂါမလေးမျး ဒေဝတ်အစားကို အပြန်အလှန်ဝှက်ကြရာမှ "ကျမ်းပြုကြေး" ကတိဖြင့် ထမိန် သင်းပိုင်တောင်းကြပုံ ပြောဆိုကြသည်ကား အပျော်အပျက်မျှသာ ဖြစ်၏။ ပိုင်တောင်း ကျမ်းဆရာကမူ ခဲရပ်အဓိပ္ပါယ်တခု ရေးပြီးတိုင်းပြီးတိုင်း "ပိုင်" ဟုသီးသန့်ထင်ရှားစွာထည့်လေ့ရှိ၏။ တမျက်နှာလျှင် ၂-ခု ၃-ခုပင်တွေ့ရတတ်၏။ မိန်တောင်းဌကား ဤသို့မတွေ့ရှိရ။

ယင်းပေစာရေးကူးသော သက္ကရာဇ်ကို ပေ ရေးဆရာက "ဦကာမိန္ဒောင်း။ သက္ကရာဇ် ၁၁၃၉-ခု တပို့တဲ့လဆန်း ၁၂-ရက်နေ့တွင် မိန္ဒောင်းကိုဝ် ရေးကူး၍ပြီးပြည့်စုံသည်ဘုရား။ ပိုင်။ သက္ကရာဇ် ၁၁၃၉-ခုတပို့တဲ့လပြည့်ကျော် ၁၃-ရက်နေ့တွင် ပိုင်ကိုဝ် ရေးကူး၍ ပြီးပြည့်စုံသည်ဘုရား"ဟု ရေးသားဖော်ပြ၏။ နှစ်ပေါင်း ၂၀၀-နီးပါးရှိလေပြီ။ ယင်း ပေရေးကူးသည့်ခေတ်၏ စာလုံးပေါင်းနှင့် ရေးသားဟန်မျး လှမ်းမိုးနေခဲ့မည်မှာ မလွဲမရှောင်သာသော်လည်း မူလရေးဟန်မျးကိုကား အရသာခံနိုင်ပေသေးသည်။

ဤဌသိစေလိုရင်းဖြစ်သော စကားအသုံးအနှုန်းနှင့် အနက်ဘာသာပြန်ပုံတို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။ (အောက်ပါအားလုံး မိန်တောင်းကျမ်းမှချည်းဖြစ်သည်။)

လက္ခဏကြ့ာမည်သည်ကား လက္ခ့ကြ့ာ မပြီးမီ ပြဦးသည်လည်းရှိ၏။ အတီနှဉ်း။ ဒုဋ္ဌာသု အာဂတော တဉ်း။

စေတနာနှင့် ဘြုးလည်း အာရုံ အာရမ္မဏိကအားဖြင့် အာဓဉ် အာဓာရ ဖြစ်တတ်၏။ ကာယဝစီအမူကား ဆြာဌ်တဉ်အံ့။ ဖုရားနှင့် အာဓဉ် အာဓာရ အသိုဝ်ဖြစ်အံ့နှေး။

သွာချာတ ဘာဝသရုပ်ကား လှံမစောက် ပတေပတာအားဓုတ်၍ ဟောအပ်သော ဘြုး၏အဖြစ်ဟူသော....ငြန်းနှင့် ကူဓွတ်သိုဝ့် နှလုံးမူ၍ တပ္ပရိတ်လဉ်းမူ၏။ (လည်း=၄၊ သော=၆၊ ယ-သတ်အစား နောက်ပစ်အသုံး၊ ဥပမာ အဓိဗ္ဗကား စသော ရေးဟန်မျးနှင့် ကြေဥ္ဇူး စသော စိတ်ဝင်စားဖွယ် ဝေါဟာရမျးကိုလည်း မျးစွာ တွေ့နိုင်၏။)

ဒဋ္ဌဓမ္မာ၊ လေးလက်စွဲသော။ ဓနုဂ္ဂဟာ၊ လေးသမား။ သိက္ခိတာ၊ ဆြာအထံ၌ ဆဲနှစ်နှစ်တိုင်တိုင် အတတ်သင်ပြီးသ။ ကတဟတ္ထာ၊ လေးကိုလျှင် လက်မူဓသော။ လေး၏ လေး ဟူသတည်း။ ကတုပါသနာ၊ ရှေးတောဖြစ်ပြီးသော။ စတုဒိသာဓိ(ဌိ)တာ၊ နောက်ခြင်ခိုင်လျက် လေးမြက်နှာရပ် ရတ်သည်ဖြစ်၏။ ခိတ္တော၊ ပစ် ၆။ ကဏ္ဏော၊ မြား သည်။ ပထဝိယံ အပ္ပတိဓိတော၊ မြေသို့မရောက်မီ။ ဂမနသာဒါနံ၊ သွားခြင်း၌ သာယာစလို သော။ ဟေဋ္ဌ(ဋ္ဌ)ပရိယဝသေန၊ သြောက်ဓက်ဖြစ်သအားဖြင့်။ ပဋိမုခံ၊ ရှေဆိုဝ်။ သိရသိ၊ သြောက်နသာ် (နတ်သား) ဥက္ခောင်းဓက်၌။ ပါဒေ စ၊ အထက်နသာ်ခြေ၌။ (ဦကာ၌ စိတ်၏လျှင်ပုံကို ပြသော ပါဠိကို အနက်ပေးခြင်း ဖြစ်သည်။)

ထိုပြင်ပါဝုရကံ။ ဖုံးမတီး။ ကပလ္လ၊ မဲပျ(မီးအိုးကင်း)။ ကတ္တရ၊ အသက်ကြီး တောင်ဝှေး။ ဩသဓိ၊ သောက်ရှုး (စိုင်ရှုး)။ ကလသ၊ ကြာသအိုဝ်း။ (ကြာသဒ်အိုး, ရေတံခေါင်း)။

သုဝဏ္ဏာလိင်္ဂ၊ ရွှေကုံရွက်။ ပါနိယသရာဝက၊ အိုးဖုံးခွက်။ ဗန္ဓုဇီဝက၊ မိုဝ်းစေ့ပန်း (ရေမြှင်း)။ ကုသုမ၊ ဝတ်ပန်း (ပန်းသုဉ်း)။ ကုက်ဠစုဏ္ဏ၊ မာလာကျိကျုမှုန့် ကန့်ကုတ်မှုန့်လည်းဟူ။ သာရသူစိ၊ မြသကြင် (သံကျင်)။ တိဒဏ္ဍ၊ ခြုသခေါ်ဖျဲ (ရသေ့ာက် ခရူသင်းတင်ရန် သစ်သားသုံးခွ)။

ဤကား အမြွက်မျှ ဖော်ပြခြင်းဖြစ်ပါသည်။ ပုဂံခေတ် မည်သည့်မင်းလက်ထက်က မည်သည့်ဆရာတို့ ရေးသားသည်ဟု အတတ်မဆိုသာချေသော်လည်း နှောင်းခေတ် မြန်မာဝေါဟာရနှင့် ပါဠိမှ သည် မြန်မာဘာသာသို့ ပြောင်းလဲပြန်ဆိုပေးမှုအတွက် ရှေးဦး မီးရှူးတန်ဆောင်မျှားဖြစ်သည့်အပြင် အာဘိဓမ္မာဉာဏ်ရောင်ပေးခဲ့သော ခေတ်ဦးကျမ်းဟောင်းမျှားအဖြစ် ဤဠ် မှတ်တမ်းတင်လိုက်ရပါသည်။

ဤတွင်ရွှေကား ပုဂံခေတ် နိဿယဘာသာပြန်တို့ အကြောင်းခြင်းတ ဖြစ်ပေသည်။

အင်းဝခေတ် နိဿယ ဘာသာပြန်များ အင်းဝခေတ်တွင် ဘာသာပြန်လုပ်ငန်းသည် အတော်ပင် ကျယ်ပြန့်လျက်ရှိပေပြီ။ ပျို ကဗျာများနှင့် ပါရာယနဝတ္ထု (ရှင်မဟာသီလဝံသ), ယသဝစုန ဝတ္ထု (တောင်ဖီလာ), မဏိကုဏ္ဍလဝတ္ထု (ဝရာဘိသဃ်နာထ) စသော ဝတ္ထုများသည် (၁) နိဿယနည်း (၂) တိုက်ရိုက် ဘာသာပြန်နည်း (၃) ခဲ့ုထွင် ဘာသာပြန်နည်း သုံးနည်းလုံးကို အလျဉ်းသင့်သလိုလုည့်လည် အသုံးပြုရေးသား ထားသော ကျမ်းများဖြစ်ကြ၏။ ယခု ထိုစာအုပ်များ ဖတ်ရှုနိုင်ကြသည်ဖြစ်၍ အထူးမဖော်ပြလိုပေ။

သို့သော် အင်းဝခေတ်ဦး နိဿယစစ်စစ်များကား အလွန်ပင် ရှားပါးလှပေသည်။ နရပတိ, ပြည်စုန်မင်းတို့လက်ထက် မဏိသာရမဉ္ဇူ။ သာဠီကာကျမ်းပြုဆရာ ပင်းယ ရှင်အရိယဝံသ၏ ဝိသတိဝဏ္ဏနာ နိဿယ, သမ္မောအဋ္ဌကထာနိဿယ, အနုဋ္ဌီကာနိဿယ, ပင်းယအရှင် ဝိဇိတာဝီ၏ ဝါစကောပဒေသနိဿယ, သာလွန်မင်းကြီးလက်ထက်[၁] ရွှေဥမင်ဆရာတော်၏ ဝိနည်းပါဠိအဋ္ဌကထာနိဿယများ[၂], နန်းကျောင်းဆရာတော်၏ သဒ္ဒါကြီးစသော နိဿယ စသည်တို့ကိုကား အခြို့စာအုပ် အဖြစ်ဖြင့်ငင်း, ယေဘုယျအားဖြင့် ပေစာအဖြစ်ဖြင့်ငင်း ရှားပါးသော်လည်း သထုံပိဋကတ်တိုက် စသည်တို့၌ တွေ့ရှိနိုင်ပေသေးသည်။

ထိုခေတ်၏ တွေ့ရသမျှ ခေတ်ဦး နိဿယဘာသာပြန်အဖြစ် ဘာသာပြန်ပုံကို အထက်ဖော်ပြရာ ပါကျမ်းများ၌ငင်း, အလွယ်တကူသိလိုပါက ပါရမီခန်းပြု၌ စသည်၌ငင်း ဖတ်ရှုနိုင်ပေသည်။ ရှင်မဟာသီလဝံသအကျော်၏ နေတ္တိပါဠိတော် နိဿယဟောင်းမှာ မတွေ့နိုင်တော့သော်လည်း ၎င်းရေးမဟာရဟန်တိပါဠိနိဿယကိုကား[၃] ယနေ့ဖတ်ရှုနိုင်ပေသေးသည်။

၁။ ဤမင်းလက်ထက်၌ နိဿယကျမ်းစာမျှား အမျှားဆုံးပေါ်ထွက်ခဲ့၏။ ဂ-နှစ်တိုင်တိုင် ပါဠိပိဋကမျှား ရေးကူးစေခြင်း (ရာဇမဏိစူဠာ ကောင်းမှုတော်ကြီး ကျောက်စာကြောင်းရေ ၅၉) ပဌမပြန် စာမေးပွဲကို ၁၁၀၀ - ပြည့်နှစ်၌ စတင်စေခြင်းဖြင့် ထင်ရှားခဲ့သည်။

၂။ ယင်း ဆရာတော်ဘုရားကြီး၏ နိဿ ယမျှား၌ ရှေးနိဿယမျှားရှိနေကြောင်း "ရှေး၌ ဖြစ်ကုန်သော အမှိုဟောင်းဘို့သည် ရှိကုန်ပါသော်လည်း" ဟု ပဏာမပဋ္ဌိညာဉ် ဂါထာမျှား၌ ပြဆိုထားသည်။

၃။ ၁၉၂၉-ခုနှစ် ဟံသာဝတီပိဋကပုံနှိုင်းတိုက်မှ ရိုက်နှိပ်သည်။ ဂါထာပေါင်း ၂၅၄-ဂါထာ ရှိသည်။ ယင်း ခေတ်ပေါ် နိဿယဘာသာပြန်ကျမ်းစာတို့ကား ယခုခေတ် ပြန်ဆိုပုံနှင့်လည်း မျှားစွာ မကွဲပြားသည့်အပြင် အခြို့စာအုပ်အဖြစ်ဖြင့်ပင် တွေ့ရှိနိုင်သေးသဖြင့် မဖော်ပြလိုက်ပြီ။

ကုန်းဘောင်ခေတ် သည်မှနောက် အင်းဝခေတ်နှောင်းနှင့် ကုန်းဘောင်ခေတ် နိဿယဘာသာပြန်တို့ကိုကား လုယ်ကူစုဝေ ဖတ်ရှုနိုင်ကြပေသေးသည်။ ဘိုးတော် ခေတ်အထူးသဖြင့် မင်းတုန်း, သီဘောခေတ်တို့၌ကား ပါဠိမှသာမက အခြားသက္ကတ, ပြင်သစ်, အင်္ဂလိပ်, တရုတ် စသော ဘာသာမှလည်း ဆေးကျမ်း မာတ်ကျမ်းစသည်တို့ကို ဘာသာပြန်ခဲ့ကြလေပြီ။

နိဿယသမိုင်းနှင့်ပတ်သက်၍ ရှေးနိဿယများကို ပေါင်းရုံးဖြည့်စွက်၍ ရေးသော မိုးထိမူ ပါဠိတော်နိဿယများကား ပါဠိတော်အပြည့်အစုံမျှပင် ရှိနေပေပြီ။ ရသေ့ကြီး ဦးခန္တီနှင့် ဆရာတော် ဦးဇာဂရတို့၏ သာသနာပြုလုပ်ငန်းတရပ် ဖြစ်ခဲ့၏။သို့ရာတွင် ယင်း နိဿယတို့၌ မည်သည့် ရှေးနိဿယကို မူတည်၍ ရေးသည်စသော သမိုင်းစဉ်များ မပါရှိခဲ့ပေ။

သံယုတ္တနိကာယ်ပါဠိ နိဿယ သမိုင်း သံယုတ္တနိကာယ်ပါဠိတော် ၅-ကျမ်း နိဿယဟောင်း တမူကို "သက္ကရာဇ် ၁၁၄၄-ခုနှစ် အမရပူရ ပဋမမြို့တည်နန်းတည် သိရိပဝရ ဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိ ရာဇာတံဆိပ်နာမံခံသော အောင်မြေလောကစေတီ ဒါယကာမင်းလက်ထက် သက္ကရာဇ် ၁၁၆၈-ခုနှစ်လောကမှန်ကင်း ဆရာတော် ဝရသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု ၁ စီရင်သည်ဟု ပိဋကတ်တော်သမိုင်း (ဦးရေ ၄၇၂) ၌ ဆိုသည်။ စာမူမတွေ့ရ၊ အချို့အဝက် ဘားနဒ်ပိဋကတိုက်၌ ရှိသည်ဟု သိရ၏။

အခြားယင်း ၅-ကျမ်း နိဿယဟောင်း တမူကို မဇ္ဈိမနိကာယ်ပါဠို ၃-ကျမ်းနိဿယ, မနောရထပကာသနီဆေးကျမ်း, ဥပေါသထပကာသနီ (တူ-ခေါ်၊ ၃-အင်္ဂါ ၅-ချပ်၊ ၁၂-ကြောင်းပေ၊ ပိန်း၊ ၁၁၈၄-ခု၊ ဝါခေါင်လဆန်း ၅-ရက် ၂-လံာနေ့ စီရင်ပြီး)ကျမ်းများကို ရေးသားတော်မူခဲ့သော ပင်းဆရာတော်လေး စီရင်သည်။ နိဂုံး၌ "အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော သီလအာစာရရှိတော်မူသော သာမဏေဖြစ်သောအခါ၌ ကဝိန္ဒ ဟူသောအမည်၊ ပဥ္စင်းဖြစ်သောအခါ၌ ကဝိန္ဒဟူသော အမည် ကဝိန္ဒာဘိဝံသသဒ္ဓမ္မပဝရမဟာဓမ္မရာဇဂုရုဟူသော တံဆိပ်တော်, ကဝိန္ဒာဘိသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဟူသောတံဆိပ်တော် ဤသို့လျှင် နှစ်ကြိမ်မြောက်လူတော်

၁။ ဘိုးတော်လက်ထက် နန်းတက်စဉ် သာသနာပြုတံဆိပ်တော်အလှူခံရသော ဆရာတော်များစာရင်း (သာသနာလင်္ကာရ ၁၉၈၊ သီလဝိသောဓနီ ၁၇၀) နှင့် ၁၁၅၃-၅၄ ခုနှစ် ရွှေမြို့တော်စာပြန်နိဿယည်းဆရာတို့စာရင်းအင်းစောက်ကိုပြရာ (အမေးတော်အဖြေကျမ်း ၄၆၄)၌ လောကမှန်ကင်းဆရာတော်၏ အမည်ကို "ကဝိန္ဒ သာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု (၅၅-နှစ်)" ဟုသာ ပါရှိ၏။

တဖန် မင်းလှသီရိသီဟသူ၏ ဆရာတော် ၁၀၅-ပါး အဋ္ဌုပ္ပတ္တိ (လက်ရေးမူ) ဦးရေ ၃၂-၌ "လောကမှန်ကင်းဆရာတော် ၁၀၉၉-ခုဘွား၊ နံ ၄၊ ဦးထွေး၊ အမရပူရပဋမမြို့တည်မင်းလက်ထက် ဝန်ထောက် စန္ဒဝေသော်က ကိုးကွယ်သည်။ အမရပူရမြို့ မြောက်မျက်နှာ လောကမှန်ကင်းတိုက် ဝန်ထောက် စန္ဒဝေသော်က ဆောက်သည့်ကျောင်းတွင် သီတင်းသုံးတော်မူသည်"ဟု ပါရှိ၏။ အချုပ်ကား ၁၁၄၄-ခုနှစ်မှ ၁၁၅၄-ခုနှစ်ထိ ဘိုးတော်လက်ထက် လောကမှန်ကင်းဆရာဟူသည် ဝရသဒ္ဓမ္မဓဇမဟုတ် ကဝိန္ဒသာရသာ ဖြစ်၏။ ကျမ်းပြုသက္ကရာဇ် ၁၁၆၈-ခုနှစ်၌ကား ယင်းဆရာ ရှိ-မရှိ အသေအချာ မဆိုနိုင်သော်လည်း ကဝိန္ဒသာရသာ ဖြစ်ဘယ်မျှား၍ ပိဋကသမိုင်းစကားကို ကျမ်းရင်းနှင့် ယှဉ်စပ်ပြီးမှ လက်ခံနိုင်မည်ဖြစ်၏။

၆-ပဋိသမ္ဘိဒါကထာ

၈-ပဋိသမ္ဘိဒါဝါရ ၃၁၉
၉-ဆဗ္ဗုဒ္ဓဓမ္မဝါရ ၃၁၉

၇-ဓမ္မစက္ကကထာ

၁-သစ္စဝါရ ၃၂၀
၈-လောကုတ္တရကထာ ၃၂၁
၉-ဗလကထာ ၃၂၃
၁၀-သုညကထာ ၃၂၇
၁-မာတိကာ ၃၂၉

၃-ပညာဝဂ်

၁-မဟာပညာကထာ

၁-သောဠသပညာနိဒ္ဒေသ ၃၃၆
၂-ပုဂ္ဂလဝိဘင်္ဂသနိဒ္ဒေသ ၃၄၆

၂-ဣဒ္ဓိကထာ

ဒသဣဒ္ဓိနိဒ္ဒေသ ၃၄၉

၃-အဘိသမယကထာ ၃၅၃
၄-ဝိဘင်္ဂကထာ ၃၅၃

၁-မဂ္ဂင်္ဂနိဒ္ဒေသ ၃၆၂
၂-ဈာန်္ဂိယနိဒ္ဒေသ ၃၆၄


၅-စရိယာကထာ ၃၆၄
၆-ပါဋိဟာရိယကထာ ၃၆၄
၇-သမသီသကထာ ၃၆၆
၈-သတိပဋ္ဌာနကထာ ၃၆၇
၉-ဝိပဿနာကထာ ၃၆၈
၁၀-မာတိကာကထာ ၃၇၁

ပဋိသမ္ဘိဒါမဂ်ပါဠိတော် နိဿယ မာတိကာ ပြီး၏။

ခုဒ္ဒကနိကာယ်

ပဋိသမ္ဘိဒါမဂ်ပါဠိတော်

နိဿယ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နတ္ထာ ဝတ္ထုတ္တယံ သုခ၊ ဒ္ဝဒံ သာဓုံဝ နိဿယံ။
လိခိဿာမိ အာစေရဿ၊ ဝါစနတ္ထံ ပရမ္ပရာ။ ။

သုခဒ္ဒဒံ၊ ချမ်းသာသုံးပါးကို ပေးတော်မူတတ်သော။ ဝတ္ထုတ္တယံ၊ ရတနာသုံးပါးအပေါင်းကို။ နတ္ထာ-နမာမိ၊ ရှိခိုးပါ၏။ နတ္ထာ၊ ရှိခိုးပြီး၍။ အာစေရဿ၊ ဆင်တဲဆရာတော်၏။ ဝါစနတ္ထံ၊ ချနက်ဖြစ်သော။ နိဿယံ၊ မှီရာနိဿယကို။ ပရမ္ပရာ၊ အဆင့်အဆင့်။ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ ပေက္ခိတုံ၊ ကြည့်ရှုစိမ့်သောငှါ။ သာဓုံဝ၊ ကောင်းစွာလျှင်။ လိခိဿာမိ၊ ရေးတင်လိုက်အံ့။

၁—မဟာဝဂ်

မာတိကာ

၁။ သောတာဝဓာနေ၊ နာကြားအပ်သော တရားအပေါင်း၌။ ဝါ၊ သောတဒ္ဓါရကို အစဉ်မှီးသဖြင့် သိအပ် မှတ်အပ်သော တရားအပေါင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သုတမယေ ဉာဏ်၊ သုတမယဉာဏ်မည်၏။ ဝါ၊ သုတဖြင့်ပြီးသော ဉာဏ်မည်၏။

၂။ (သုတမယဉာဏော၊ သုတမယဉာဏ်၌။ ဝုတ္တံ၊ ဆိုအပ်သော။ ဓမ္မံ၊ တရားကို။) သုတ္တာန၊ နာကြားပြီး၍။ဝါ၊ နာကြားရသောကြောင့်။ သံဝရေ၊ လေးပါးသော စောင့်စည်း ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။ ။တနည်းကား၊ သမွယုတ္တာ၊ ယှဉ်သော။) ပညာ၊ ပညာသည်။ သီလမယေ ဉာဏ်၊ သီလမယဉာဏ်မည်၏။ ဝါ၊ သီလဖြင့်ပြီးသော ဉာဏ်မည်၏။

၃။ (သီလမယဉာဏော၊ သီလမယဉာဏ်၌။ ဝုတ္တာသီလသံဝရေန၊ ဆိုအပ်သော သီလသံဝရဖြင့်။) သံဝရိတ္ထာ၊ ကောင်းစွာစောင့်စည်း၍။ သမာဒဟနေ၊ (တခုတည်းသောအာရုံ၌စိတ်ကို) ကောင်းစွာထားရာ၌။ (ပဝတ္တာ၊ ဖြစ်သော။)ပညာ၊ ပညာသည်။ သမာဓိဘာဝနာမယေ ဉာဏ်၊ သမာဓိဘာဝနာမယဉာဏ်မည်၏။ ဝါ၊ သမာဓိဘာဝနာဖြင့်ပြီးသော ဉာဏ်မည်၏။

၄။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းတရားတို့ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ဓမ္မဋ္ဌိတိဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။ ဝါ၊ အကျိုးတရားတို့၏ တည်ကြောင်းကို သိသောဉာဏ်မည်၏။

၅။ အတီတာနာဂတပစ္စုပ္ပန္နာနံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော။ ဓမ္မာနံ၊ (ခန္ဓာငါးပါး) တရားတို့ကို။(ဧကေကလက္ခဏေ၊ အနိစ္စအစရှိသော တပါးပါးသော လက္ခဏာ၌)။ သံခိပိတ္ဝာ၊ ချုံး၍။ ဝါ၊ ပေါင်းရုံး၍။ ဝဝတ္ထာနေ၊ပိုင်းခြားမှတ်သားရာ၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ သမ္မသနေ ဉာဏ်၊ သမ္မသနဉာဏ်မည်၏။ ဝါ၊သုံးသပ်ဆင်ခြင်သော ဉာဏ်မည်၏။

၆။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ (ခန္ဓာငါးပါး) တရားတို့၏။ ဝိပရိဏာမာနုပဿနေ၊ ဖောက်ပြန်ပျက်စီးခြင်းကို အဖန်တလဲလဲရှုရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ ဉာဏ်၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်မည်၏။ ဝါ၊ အဖြစ် အပျက်ကို အဖန်တလဲလဲ ရှုသောဉာဏ်မည်၏။

၇။ အာရမ္မဏံ၊ (ရုပ်အစရှိသော) အာရုံကို။ ပဋိသင်္ခါ၊ ရှုဆင်ခြင်ပြီး၍။ ဝါ၊ ကုန်သည် ပျက်သည်ဟု သိမြင်ပြီး၍။ ဘင်္ဂါနုပဿနေ၊ (ရှုမြင်သော ထိုစိတ်၏) အပျက်ကို တဖန်ရှုရာ၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိပဿနေဉာဏ်၊ ဝိပဿနာဉာဏ်မည်၏။ ဝါ၊ အထူးထူးအပြားပြားအားဖြင့် ရှုသောဉာဏ်မည်၏။

၈။ ဘယတုပဋ္ဌာနေ၊ ဘေးအားဖြင့် ထင်သောအာရုံ၌။ (ပဝတ္တာ၊ဖြစ်သော။)ပညာ၊ ပညာသည်။ ။တနည်းကား၊ ဘယတုပဋ္ဌာနေ ပညာ၊ ဘေးဟုထင်မြင်သော ပညာသည်။ အာဒီနဝေ ဉာဏ်၊ အာဒီနဝဉာဏ်မည်၏။ ဝါ၊ အပြစ်ကို သိသောဉာဏ်မည်၏။

၉။ မုဉ္စိတုကမျတာပဋိသင်္ခါသန္တိဋ္ဌနာ၊ (ဥပ္ပါဒစသည်ကို) စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော။ ပညာ၊ ပညာသည်။ သင်္ခါရုပေက္ခာသု ဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် မည်၏။ ဝါ၊ သင်္ခါရတို့ကို လျစ်လျူရှုသော ဉာဏ်မည်၏။

၁၀။ ဗဟိဒ္ဓါ၊ အပြင်ပဖြစ်သော သင်္ခါရနိမိတ်မှ။ ဝုဋ္ဌာနဝိဝဋ္ဋနေ၊ ထခြင်း ကင်းခြင်း၌။ ဝါ၊ ထခြင်း ဆုတ်နစ်ဖဲ့ခွါခြင်း၌။ ဝါ၊ ထခြင်း မျက်လွှဲပြုခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဂေါတြဘုဉာဏ်၊ ဂေါတြဘူဉာဏ်မည်၏။ ဝါ၊ ပုထုဇဉ်အနွယ်ကို ကျော်လွန်သော ဉာဏ်မည်၏။ ဝါ၊အရိယာအနွယ်သို့ သက်ရောက်သော ဉာဏ်မည်၏။

၁၁။ ဒုဘတော၊ နိမိတ္တ, ပဝတ္တနှစ်ပါးစုံမှ။ ဝုဋ္ဌာနဝိဝဋ္ဋနေ၊ ထခြင်း ကင်းခြင်း၌။ ဝါ၊ ထခြင်း ဆုတ်နစ်ဖဲ့ခွါခြင်း၌။(ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ မဂ္ဂေ ဉာဏ်၊ မဂ်ဉာဏ်မည်၏။ ဝါ၊မဂ်၌ ပါဝင်သော ဉာဏ်မည်၏။

၁၂။ ပယောဂပဋိပဿဒ္ဓိပညာ၊ (နှစ်ပါးစုံမှထမှ) မဂ်လှုံ့လ၏ ငြိမ်းခြင်းကြောင့် ဖြစ်သော ပညာသည်။ ဖလေ ဉာဏ်၊ဖိုလ်ဉာဏ်မည်၏။ ဝါ၊ (မဂ်၏အကျိုး) ဖိုလ်၌ပါဝင်သော ဉာဏ်မည်၏။

၁၃။ ဆိန္နဝဋ္ဋမာနုပဿနေ၊ (ထိုထိုအရိယမဂ်ဖြင့်) ဖြတ်အပ်ပြီးသော သံသရာ လမ်းကြောင်း (ကိလေသာအပေါင်း)ကို တဖန်ပြန်လှည့်၍ ရှုဆင်ခြင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော့။)

ပညာ၊ ပညာသည်။ ဝိမုတ္တိဉာဏံ၊ ဝိမုတ္တိဉာဏ်မည်၏။ ၀။ ကိလေသာတို့မှ လွတ်မြောက်ခြင်းကို သိသော ဉာဏ်မည်၏။

၁၄။ တဒါ၊ ထို မဂ်ခဏ ဖိုလ်ခဏ၌။ သမုဒါဂတော၊ ဖြစ်ပေါ်လာကုန်ပြီးသော။ ၀။၊ ရအပ်သိအပ်ကုန်ပြီးသော။ ဓမ္မေ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို။ ၀။၊ သစ္စာလေးပါးတရားတို့ကို။ ပဿနေ၊ ရှုရာ၌။(ပ၀တ္တာ၊ ဖြစ်သော။) ပညာ၊ပညာသည်။ ပစ္စဝေက္ခဏေ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်မည်၏။ ၀။၊ တဖန် ပြန်လှည့်၍ ဆင်ခြင်သော ဉာဏ်မည်၏။

၁၅။ အဇ္ဈတ္တဝ၀တ္ထာနေ၊ အဇ္ဈတ္တမည်သော စက္ခာယတနစသည်တို့ကို ပိုင်းခြားမှတ်သားရာ၌။ (ပ၀တ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝတ္ထုနာနတ္တေ ဉာဏံ၊ ဝတ္ထုနာနတ္တ ဉာဏ်မည်၏။ ၀။၊ တည်ရာဝတ္ထုအထူးထူးကို သိသော ဉာဏ်မည်၏။

၁၆။ ဗဟိဒ္ဓါဝ၀တ္ထာနေ၊ ဗဟိဒ္ဓမည်သော ရူပါယတနစသည်တို့ကို ပိုင်းခြားမှတ်သားရာ၌။ (ပ၀တ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ ဂေါစရနာနတ္တေ ဉာဏံ၊ ဂေါစရနာနတ္တ ဉာဏ်မည်၏။ ၀။၊ အာရုံအထူးထူးကို သိသော ဉာဏ်မည်၏။

၁၇။ စရိယာ၀၀တ္ထာနေ၊ သုံးပါးသောစရိယာတို့ကို ပိုင်းခြားမှတ်သားရာ၌။ (ပ၀တ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ စရိယာနာနတ္တေ ဉာဏံ၊ စရိယာနာနတ္တ ဉာဏ်မည်၏။ ၀။၊ ဖြစ်ခြင်း အထူးထူးကို သိသော ဉာဏ်မည်၏။

၁၈။ စတုဓမ္မ၀၀တ္ထာနေ၊ လေးပါးသော တရားတို့ကို ပိုင်းခြား မှတ်သားရာ၌။ (ပ၀တ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဘူမိနာနတ္တေ ဉာဏံ၊ ဘူမိနာနတ္တ ဉာဏ်မည်၏။ ၀။၊ ဘုံအထူးထူးကို သိသော ဉာဏ်မည်၏။

၁၉။ နဝဓမ္မ၀၀တ္ထာနေ၊ ကိုးပါးသောတရားတို့ကို ပိုင်းခြား မှတ်သားရာ၌။ (ပ၀တ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မနာနတ္တေ ဉာဏံ၊ဓမ္မနာနတ္တ ဉာဏ်မည်၏။ ၀။၊ တရားအထူးထူးကို သိသော ဉာဏ်မည်၏။

၂၀။ အာဘိညာပညာ၊ အထူးသဖြင့် သိသောပညာသည်။ ၀။၊ ရှေးရှု၍ပြု၍ သိသောပညာသည်။ ၀။၊ တင့်တယ်စွာ သိသောပညာသည်။ ဉာတဋ္ဌေ ဉာဏံ၊ ဉာတဋ္ဌဉာဏ်မည်၏။ ၀။၊သိအပ်သိထိုက်သော သဘောကို သိသော ဉာဏ် မည်၏။

၂၁။ ပရိညာပညာ၊ ပိုင်းခြား၍သိသော ပညာသည်။ ၀။၊ နှံ့နှံ့စပ်စပ် သိသောပညာသည်။ တီရဏဋ္ဌေ ဉာဏံ၊ တီရဏဋ္ဌဉာဏ်မည်၏။ ၀။၊ စူးစမ်းဆုံးဖြတ်သော ဉာဏ်မည်၏။

၂၂။ ပဟာနေပညာ၊ (နိစ္စသညာစသည်ကို) ပယ်သောပညာသည်။ ပရိစ္စာဂဋ္ဌေ ဉာဏံ၊ ပရိစ္စာဂဋ္ဌဉာဏ်မည်၏။ ၀။၊ စွန့်အပ်စွန့်ထိုက်သော သဘောကို စွန့်သောဉာဏ်မည်၏။

၂၃။ ဘာ၀နာပညာ၊ ပွါးစေအပ်သောပညာသည်။ ကေရသဋ္ဌေ ဉာဏံ၊ကေရသဋ္ဌဉာဏ်မည်၏။ ၀။၊ ကိစ္စတူသောသဘောရှိသော ဉာဏ်မည်၏။

၂၄။ သစ္ဆိကိရိယာ ပညာ၊ (ပဋိ၀ေဓ,ပဋိလာဘ၏ အစွမ်းအားဖြင့်) မျက်မှောက် ပြုသောပညာသည်။ ဖဿနဋ္ဌေ ဉာဏံ၊ ဖဿနဋ္ဌ ဉာဏ်မည်၏။ ၀။၊ ထိုးထွင်း၍သိခြင်း, ရခြင်းတို့၏ အစွမ်းအားဖြင့် ထိရောက်သော ဉာဏ်မည်၏။

၂၅။ အတ္ထနာနတ္တော၊ အနက်အကျိုးတို့၏ အထူးထူးသော သဘော၌။(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အတ္ထပဋိသမ္ဘိဒေ ဉာဏ်၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝါ၊ အနက်, အကျိုးတို့ကို ခဲ့ခြားရှင်းသိသော ဉာဏ်မည်၏။

၂၆။ ဓမ္မနာနတ္တော၊ ဒေသနာပါဠို, အကြောင်းတို့၏အထူးထူးသောသဘော၌။ (ပဝတ္တာ၊ဖြစ်သော။)ပညာ၊ ပညာသည်။ ဓမ္မပဋိသမ္ဘိဒေ ဉာဏ်၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝါ၊ ဒေသနာပါဠို, အကြောင်းတို့ကိုခဲ့ခြားရှင်း သိသော ဉာဏ်မည်၏။

၂၇။ နိရုတ္တိနာနတ္တော၊ ပါဠိသဒ္ဒါတို့၏ အထူးထူးသော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။နိရုတ္တိပဋိသမ္ဘိဒေ ဉာဏ်၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝါ၊ပါဠိသဒ္ဒါကို ခဲ့ခြားရှင်း သိသော ဉာဏ်မည်၏။

၂၈။ ပဋိဘာနနာနတ္တော၊ ထင်မြင်ဉာဏ် ပဋိဘာန်တို့၏ အထူးထူးသော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပဋိဘာနပဋိသမ္ဘိဒေ ဉာဏ်၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝါ၊ ထင်မြင်ဉာဏ်တို့ကို ခဲ့ခြားရှင်းသိသော ဉာဏ်မည်၏။

၂၉။ ဝိဟာရနာနတ္တော၊ နေထိုင်မှုဝိဟာရတို့၏ အထူးထူးသော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိဟာရဒ္ဌေ ဉာဏ်၊ ဝိဟာရဋ္ဌဉာဏ်မည်၏။ ဝါ၊ အထူးထူးသော နေထိုင်မှု ဝိပဿနာဝိဟာရကို သိသောဉာဏ်မည်၏။

၃၀။ သမာပတ္တိနာနတ္တော၊ သမာပတ်တို့၏ အထူးဟူးသောသဘော၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ သမာပတ္တဋ္ဌေ ဉာဏ်၊ သမာပတ္တဋ္ဌဉာဏ်မည်၏။ ဝါ၊အထူးထူးသော သမာပတ် ဝင်စားမှုကို သိသော ဉာဏ်မည်၏။

၃၁။ ဝိဟာရသမာပတ္တိနာနတ္တော၊ နေထိုင်မှုဝိဟာရနှင့် သမာပတ်တို့၏ ထူးသော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိဟာရသမာပတ္တဋ္ဌေ ဉာဏ်၊ ဝိဟာရသမာပတ္တဋ္ဌဉာဏ်မည်၏။ ဝါ၊ အထူးထူးသော နေထိုင်မှု ဝိပဿနာဝိဟာရနှင့် အထူးထူးသော သမာပတ်ဝင်စားမှုတို့ကို သိသောဉာဏ်မည်၏။

၃၂။ အဝိက္ခေပပရိသုဒ္ဓတ္တာ၊ မပျံ့လွင့်မှု သမာဓိစင်ကြယ်သည်၏ အဖြစ်ကြောင့်။ အာသဝ သမုစ္ဆေဒေ၊ အာသဝတို့ကို ကောင်းစွာဖြတ်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာနန္တရိကသမာဓိမှ ဉာဏ်၊ အာနန္တရိကသမာဓိဉာဏ်မည်၏။ ဝါ၊ မိမိ၏အခြားမဲ့၌ပင် အကျိုးပေးတတ်သော မဂ်သမာဓိဉာဏ်မည်၏။

၃၃။ ဒဿနာဓိပတေယျံ စ၊ ရှုမှုလျှင် အကြီးအမှူးရှိသော ဝိပဿနာဉာဏ်သည်၎င်း။ သန္တော၊ ငြိမ်သက်သော။ ဝိဟာရာဓိဂမော စ၊ ရအပ်သော ဝိဟာရဟုဆိုအပ်သော အရဟတ္တဖလ သမာပတ်ကို ပညာသည်၎င်း။ ပဏီတာဓိမုတ္တတာ၊ မြတ်သော အရဟတ္တဖလသမာပတ်၌ နှလုံးသွင်း ညွတ်ကိုင်းသည်၏ အဖြစ်ဟုဆိုအပ်သော။ ပညာ စ၊ (အရဟတ္တ ဖလသမာပတ်၏ ရှေးအဖို့၌ဖြစ်သော)ပညာသည်၎င်း။ အရဏဝိဟာရေ ဉာဏ်၊ အရဏဝိဟာရဉာဏ်မည်၏။ ဝါ၊ ကိလေသာကင်းသော နေထိုင်မှုကိုသိသော ဉာဏ်မည်၏။

၃၄။ ဒ္ဒိဟိ၊ နှစ်ပါးကုန်သော။ ဗလေဟိ၊ သမထ ဝိပဿနာခွန်အားတို့နှင့်။ သမန္နာဂတတ္တာ စ၊ ပြည့်စုံသည်၏ အဖြစ်ကြောင့်ငင်း။ တယော တိဏ္ဏံ၊ သုံးပါးကုန်သော။ သန်းရာနှံ၊ ဝစီသင်္ခါရ, ကာယသင်္ခါရ, စိတ္တသင်္ခါရတို့၏။ ပဋိပ္ပဿဒ္ဓိယာ စ၊ ငြိမ်းခြင်းကြောင့်ငင်း။ သောဠသဟိ၊ တဆယ့်ခြောက်ပါးကုန်သော။ ဉာဏစရိယာဟိ စ၊ ဉာဏ်၏ဖြစ်ခြင်းတို့ဖြင့်ငင်း။ နဝဟိ၊ ကိုးပါးကုန်သော။ သမာဓိစရိယာဟိ စ၊ သမာဓိ၏ဖြစ်ခြင်းတို့ဖြင့်ငင်း။ ဝသီဘာဝတာ၊ လေ့လာနိုင်နင်းခြင်း ရှိသည်၏ အဖြစ်ကည်းဟူသော။ ပညာ၊ ပညာသည်။ နိရောဓသမာပတ္တိယာ ဉာဏံ၊ နိရောဓသမာပတ္တိဉာဏ်မည်၏။ ဝါ၊ နိရောဓသမာပတ်၏အကြောင်းကို သိသောဉာဏ်မည်၏။

၃၅။ သမ္ဘဇာနဿ၊ ကောင်းစွာအပြားအားဖြင့် သိသောသူ၏။ ပဝတ္တပရိယာဒါနေ၊ ကိလေသာ ခန္ဓာတို့၏ ဖြစ်စဉ်ကို ကုန်စေရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပရိနိဗ္ဗာနေ ဉာဏံ၊ ပရိနိဗ္ဗာန ဉာဏ်မည်၏။ ဝါ၊ ပရိနိဗ္ဗာန်ကို သိသော ဉာဏ်မည်၏။

၃၆။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော တဘူမက သင်္ခါရတရားတို့ကို။ သမ္မာ၊ ကောင်းစွာ။ သမုစ္ဆေဒေ စ၊ ဖြတ်ရာ၌ငင်း။ နိရောဓေ စ၊ ချုပ်စေရာ၌ငင်း။ အနုပဒ္ဒဝနတာ အနုပဒ္ဒဝနတာယ စ၊ တဖန်မထင်ခြင်း မဖြစ်ခြင်း၌ငင်း။(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သမသီသဋ္ဌေ ဉာဏံ၊ သမသီသဋ္ဌ ဉာဏ်မည်၏။ ဝါ၊ သုံးပါးသော သမသီသ သဘောကို သိသော ဉာဏ်မည်၏။

၃၇။ ပုထုနာနတ္တ တေဇပရိယာဒါနေ၊ ရာဂစသော သီးခြားတရား, ကာမစ္ဆန္ဒစသော အထူးထူးသောသဘော, ဒုဿီလျစသော တန်ခိုးတို့ကို ကုန်စေရာ၌။ဝါ၊သီးခြားတရား, အထူးထူးသော သဘောတို့၏ တန်ခိုးကိုကုန်စေရာ၌။(ပဝတ္တာ၊ဖြစ်သော။)ပညာ၊ ပညာသည်။ သလ္လေခဋ္ဌေ ဉာဏံ၊ သလ္လေခဋ္ဌဉာဏ်မည်၏။ ဝါ၊ (သုံးဆယ့်ခုနစ်ပါးသော) သလ္လေခသဘောကို သိသောဉာဏ်မည်၏။

၃၈။ အသလ္လီနတ္တ ပဟိတတ္တ ပဂ္ဂဟဋ္ဌေ၊ မဆုတ်နစ်သော စိတ်ရှိသည်ဖြစ်၍၊ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိလျက် အားထုတ်ခြင်းသဘောဌ်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝီရိယာရမ္ဘေ ဉာဏံ၊ ဝီရိယာရမ္ဘဉာဏ် မည်၏။ ဝါ၊ အပြင်းအထန် အားထုတ်မှုကို သိသောဉာဏ်မည်၏။

၃၉။ နာနာဓမ္မပွကာသနတာ၊ အထူးထူးသောတရားတို့ကို ပြတတ်သည်၏ အဖြစ်တည်းဟူသော။ ဝါ၊ အထူးထူးသောတရားတို့ကို ဟောတတ်သည်၏ အဖြစ်တည်းဟူသော။ ပညာ၊ ပညာသည်။ အတ္ထသန္နိဿနေ ဉာဏံ၊ အတ္ထသန္နိဿနဉာဏ်မည်၏။ ဝါ၊ အနက်သဘောကို ပြတတ်သော ဉာဏ်မည်၏။

၄၀။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသောတရားတို့၏။ ကေသင်္ဂဟတာနာနတ္တေကတ္တပဋိဝေဓေ၊တူသော အားဖြင့် ရေတွက်အပ်သည်၏အဖြစ်၊ အထူးထူးသောသဘော၊ တမျိုးတည်းသောသဘောတို့ကို သိရာ၌။ (ပဝတ္တာ၊ ဖြစ်သော။)ပညာ၊ ပညာသည်။ ဒဿနဝိသုဒ္ဓိဉာဏံ၊ ဒဿနဝိသုဒ္ဓိဉာဏ်မည်၏။ ဝါ၊ အမြင်စင်ကြယ်သော မဂ်ဖိုလ်ဉာဏ်မည်၏။

၄၁။ ဝိဒိတတ္တာ၊ ထင်ရှားသိအပ်ပြီးသည်၏အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ခန္တိဉာဏံ၊ ခန္တိဉာဏ်မည်၏။ ဝါ၊ နှစ်သက် သဘောကျသော ဉာဏ်မည်၏။

၄၂။ ဖုဋ္ဌတ္တာ၊ ဉာဏ်ဖြင့် တွေ့အပ်ပြီးသည်၏အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပရိယောဂါဟဏေ ဉာဏံ၊ ပရိယောဂါဟဏဉာဏ် မည်၏။ ဝါ၊ သက်ဝင်သောဉာဏ်မည်၏။

၄၃။ သမောဒဟန၊ (ခန္ဓာစသည်တို့တွင် တစိတ် တဒေသ ဖြစ်သော တလောကလုံးမှ ဝေဒနာတရားကို) စုပေါင်း၍ရှုရာ၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ပညာသည်။ ပဒေသဝိဟာရေ ဉာဏံ၊ ပဒေသဝိဟာရဉာဏ်မည်၏။ ဝါ၊ ခန္ဓာ အာယတန စသည်တို့တွင် တစိတ် တဒေသမျှ ဖြစ်သော ဝေဒနာကို ရှုဆင်ခြင်၍ နေမှုဝိဟာရကို သိသော ဉာဏ်မည်၏။

(ထိုဝေဒနာမှာ တမျိုးတည်းပင် ဖြစ်သော်လည်း ဘုံ ၃၁-တလောကလုံးမှ ရှိရှိသမျှ ဝေဒနာတို့ကို စုပေါင်း၍ ရှုဆင်ခြင်မှုဖြစ်သောကြောင့် ၎င်းဆင်ခြင်မှုကို 'သမောဒဟန်'ဟု ဆိုသည်ဟူ၍ ယူအပ်၏။)

၄၄။ အဓိပတတ္တာ၊ နေကွမ္မစသည်ကို အကြီးအမှူးပြု၍ ဖြစ်သော။ ဝါ၊ နေကွမ္မစသည်သည် လွှမ်းမိုးအပ်သော။ ပညာ၊ ပညာသည်။ သညာဝိဝဋ္ဋေ ဉာဏံ၊ သညာဝိဝဋ္ဋဉာဏ်မည်၏။ ဝါ၊ သညာကြောင့် ကာမစ္ဆန္ဒစသည်မှ ကင်းခြင်း (သညာဖြင့်မျက်လွှဲပြုခြင်း)ကို သိသောဉာဏ်မည်၏။

၄၅။ နာနတ္တေ၊ ကာမစ္ဆန္ဒစသော အထူးထူးသော သဘောကြောင့်။ဝါ။ အထူးထူးသော သဘောကိုပယ်ခြင်းကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ပညာသည်။ စေတောဝိဝဋ္ဋေ ဉာဏံ၊ စေတောဝိဝဋ္ဋဉာဏ်မည်၏။ ဝါ၊ စေတနာဖြင့် ကာမစ္ဆန္ဒစသည်မှ ကင်းခြင်း (မျက်လွှဲပြုခြင်းကို) သိသော ဉာဏ်မည်၏။

၄၆။ အဓိဋ္ဌာနေ၊နေကွမ္မစသည်တို့၏ အစွမ်းအားဖြင့် စိတ်ကို ဆောက်တည်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စိတ္တဝိဝဋ္ဋေ ဉာဏံ၊ စိတ္တဝိဝဋ္ဋဉာဏ်မည်၏။ဝါ၊ စိတ်ဖြင့် ကာမစ္ဆန္ဒ စသည်မှ ကင်းခြင်း (မျက်လွှဲပြုခြင်း)ကို သိသောဉာဏ်မည်၏။

၄၇။ ခယဋ္ဌေ၊ ဆိတ်သုဉ်းခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဉာဏဝိဝဋ္ဋေ ဉာဏံ၊ ဉာဏဝိဝဋ္ဋဉာဏ်မည်၏။ ဝါ၊ အတ္တဟု မြဲမြံစွာ နှလုံးသွင်းခြင်းမှ ကင်းသော(မျက်လွှဲပြုသော) အသိဉာဏ်မည်၏။

၄၈။ ဝေါသဂ္ဂေ၊ စွန့်လွှတ်ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိမောက္ခဝိဝဋ္ဋေ ဉာဏံ၊ ဝိမောက္ခ ဝိဝဋ္ဋဉာဏ်မည်၏။ဝါ၊ လွှတ်မြောက်လျက် ကာမစ္ဆန္ဒစသည်မှ ကင်းသော ဉာဏ်မည်၏။

၄၉။ တထဋ္ဌေ၊ မဖောက်မပြန် မှန်ကန်သော သဘော၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ပညာသည်။ သစ္စဝိဝဋ္ဋေ ဉာဏံ၊သစ္စဝိဝဋ္ဋဉာဏ်မည်၏။ ဝါ၊သစ္စာတို့၌သိလျက် နိမိတ္တ,ပဝတ္တမှ ကင်းသော ဉာဏ်မည်၏။

၅၀။ ကာယမ္မိ၊ ရူပကာယကိုဂျင်း။ စိတ္တမ္မိ၊ ပါဒကစျာန်စိတ်ကိုဂျင်း။ ကေဝဝတ္ထာနတာ စ၊ တခုတည်း၏ အဖြစ်ဖြင့် ပိုင်းခြားတာတ် မှတ်တတ်သည်၏ အဖြစ်ဖြင့်ဂျင်း။ သုခသညဉ္စ၊ သုခသညာကိုဂျင်း။ လဟုသညဉ္စ၊ လဟုသညာကိုဂျင်း။ အဓိဋ္ဌာနဝသေန စ၊ ဆောက်တည်သည်၏ အစွမ်းအားဖြင့်ဂျင်း။ ဣဇ္ဈနဋ္ဌေ၊ ပြီးစီးပြည့်စုံခြင်း သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။)ပညာ၊ ပညာသည်။ ဣဒ္ဓိဝိဓညာဏံ၊ ဣဒ္ဓိဝိဓဉာဏ်မည်၏။

၅၁။ ဝိတက္ကဝိပ္ဖါရဝသေန၊ ကြံစည်မှု ဝိတက်ပုံနှံ့သည်၏ အစွမ်းအားဖြင့်၊ နာနတ္တေကတ္တ သဒ္ဒနိမိတ္တာနံ၊ အထူးထူး သဘောရှိသော အသံနိမိတ်, တမျိုးတည်းသဘောရှိသော အသံ

နိမိတ်တို့သို့။ပရိယောဂါဟကော၊ သက်၀င်ရာ၌။(ပ၀တ္ထာ၊ဖြစ်သော။)ပညာ၊ ပညာသည်။ သောတ ခါတုိ၀သုဒ္ဓိဉာဏ်၊ သောတခါတုိ၀သုဒ္ဓိဉာဏ်မည်၏။

၅၂။ တိဏ္ဏန္နံ၊ သောမနဿ, ဒေါမနဿ,ဥပေက္ခာ၏ အစွမ်းအားဖြင့် သုံးပါးကုန်သော၊ စိတ္တာနံ၊ စိတ်တို့၏။ ဝိပ္ဖါရတ္တာ၊ ပျံ့နှံ့သည်၏ အဖြစ်ကြောင့်။ ဣန္ဒြိယာနံ၊ စက္ခု အစရှိသော ခြောက်ပါး ကုန်သော ဣန္ဒြေတို့၏။ ပသာဒ၀သေန၊ ကြည်သည်၏ အစွမ်းအားဖြင့်။ နာနတ္တေကတ္တ၀ိညာဏ စရိယာပရိယောဂါဟကော၊ အထူးထူးသဘောရှိသောစိတ်၀ိညာဏ် တမျိုးတည်းသဘောရှိသော စိတ်၀ိညာဏ်တို့၏ ဖြစ်ခြင်းသို့ သက်၀င်ရာ၌။(ပ၀တ္ထာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ စေတော ပရိယဉာဏ်၊ စေတောပရိယဉာဏ်မည်၏။

